# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

ပါ တီ စည်း ရုံး ရေး စာ စဉ်

ဧပြီ ၂၀၂၄





ဒီလစကား



# အလှည့်အပြောင်း

ကမ္ဘာသုံးပြက္ခဒိန်ရဲ့ ဧပြီလထဲမှာပဲ မြန်မာပြက္ခဒိန်ရဲ့ တပေါင်း–တန်ခူး (အကူးအပြောင်းလို့ဆိုတဲ့ သင်္ကြန်ကာလ) ကျရောက်တယ်။

ဒီ တပေါင်း၊ တန်ခူးမှာ အကြောင်းထူးလာတာကတော့ ပြည်သူ့ရန်သူ အာဏာသိမ်းစစ်အုပ်စုရဲ့ စစ်ရေး အရေးနိမ့်မှုတွေပဲ။ မြဝတီမြို့စောင့်တပ် စီးနင်းခံရမှု၊ နေပြည်တော်စစ်ရုံး တိုက်ခိုက်ခံရမှု၊ မော်လမြိုင် ရတခ စစ်ဌာနချုပ် တိုက်ခိုက်ခံရမှု စတဲ့ စစ်အုပ်စုရဲ့ စစ်ရေးလုံခြုံမှု အထိပါးခံ အခြိမ်းခြောက်ခံရတဲ့ အခြေအနေ သတင်းတွေ ကြားလာရတယ်။ တော်လှန်အင်အားစုတွေအနေနဲ့ စာတွေပေတွေ လက်မှတ် ထိုးပြီး တရားဝင် စစ်ရေးမဟာမိတ်ဖွဲ့ထားတာ မဟုတ်ကြပေမယ့် ကိုယ့်ခွင်(ဂွင်)ထဲကကိုယ် အသီးသီး စစ်ရေးထိုးနှက်မှုတွေဟာ စည်းချက်ညီနေသလို ဖြစ်ပြီး စစ်အုပ်စုအဖို့ စစ်ရေး ဘေးကျပ်နံကျပ်ဖြစ်မှုဟာ ပိုဆိုးလာတယ်။

တဆက်တည်းလိုလို သင်္ကြန်ကာလမလွန်မီ ဒေါ်အောင်ဆန်းစုကြည်နဲ့ သမ္မတဦးဝင်းမြင့်တို့ကို အကျဉ်းထောင်အသီးသီးက ခေါ်ထုတ်သွားပြီး နေအိမ်အကျယ်ချုပ်အဖြစ် ပြောင်းလိုက်ပြီလိုလို သတင်းတွေ ကြားလာရတယ်။ နေအိမ်အကျယ်ချုပ်ဆိုတာ မသေချာသေးပေမယ့် စစ်အစိုးရအနေနဲ့ အပူချိန်မြင့်တဲ့ ရာသီဥတုအခြေအနေကြောင့် ထောင်ကနေ ထုတ်ယူရွှေ့ပြောင်းခဲ့တာ မှန်ကြောင်း တရားဝင်ထုတ်ပြော တယ်။

လူပြန်ပေးဆွဲ–ငွေညှစ်လုပ်ငန်းကို ယဉ်ပါးနေကျ စစ်အုပ်စုဟာ ပြန်ပေးဓားစာခံ ဒေါ်အောင်ဆန်းစုကြည်နဲ့ လူထုအာဏာကို အလဲအလှယ်လုပ်ဖို့ နောက်ဆုံးဆေး ထုတ်သုံးတဲ့နည်း လုပ်လာလေမလား စိုးရိမ်သူတွေ စိုးရိမ်ကြရဲ့။ စိုးရိမ်စရာ မဟုတ်ပါဘူး။ ပါတီတခုရဲ့ ခေါင်းဆောင်တဦးအဖို့ အခုလို အနေအထားမှာ အရေးကြီးဆုံးဖြတ်ချက် ချနိုင်ဖို့ဆိုရင် အလုပ်အမှုဆောင်အစည်းအဝေး မခေါ်ယူဘဲနဲ့ ဖြစ်နိုင်စရာ မမြင်ပါဘူး။ အဲ့ဒီလုပ်ငန်းစဉ်(process) ကို ဖြတ်ဖို့ အချိန်ယူနေခိုက်မှာ နွေဦးတော်လှန်ရေး အင်အားစုများရဲ့ တိုက်ပွဲတွေက ရပ်စောင့်နေမှာမဟုတ်သလို သွေးပျက်နေတဲ့ သူ့တပ်တွေကလည်း လက်နက်အချ ရပ်ကြမှာမဟုတ်ဘူး။

အခြေအနေကို ရိပ်စားမိပုံရတဲ့ စစ်အုပ်စုဟာ နောက်ဆုံးဆေးကို သုံးလိုက်ပြီးမှ ဆေးမတိုးရင် သူ့ရဲ့ သင်္ချိုင်းတံခါး ပွင့်သွားမယ့် အလားအလာကို တွက်မိပုံရပါတယ်။ ယတိပြတ် လွှတ်ပေးတာတို့၊ အပေး–အယူ စကားပြောတာတို့ တန်းမလုပ်ဘဲ ရာသီဥတုအခြေအနေကြောင့် ဆီလျော်ရာနေရာဆီ ရွှေ့ပြောင်းတာလို့ မတင်မကျလုပ်ပြီး ချိန်ဆတယ် ယူဆရတယ်။ သို့ပေမယ့် နွေဦးတော်လှန်ရေး ပြည်သူ့ခုခံစစ်ဟာ ပြည်သူတွေကိုယ်တိုင် ရွေးချယ်တဲ့တိုက်ပွဲ၊ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်သုတ်သင်ပြီး စနစ်အသစ် လူ့အဖွဲ့အစည်းသစ်၊ နိုင်ငံတော်သစ်တရပ် တည်ဆောက်ဖို့ ဦးတည်ဆင်နွှဲတဲ့တိုက်ပွဲ ဖြစ်တယ်။ တဦးတယောက် တစုတဖွဲ့ရဲ့ တိုက်တွန်း ညွှန်ကြားချက်ကြောင့် ပေါ်ပေါက်တဲ့ တိုက်ပွဲမျိုး မဟုတ်ဘူး။ ဒ့ါကြောင့် လူမျိုးစုံဗမာပြည်သူတွေရဲ့ သွေးစည်းညီညွတ်တဲ့ ရှန်းကန်လှုပ်ရှားမှုကို ဘယ်လို အောက်လမ်းနည်းနဲ့မှ ဆီးဆို့ ဟန့်တား လမ်းလွှဲလို့မရတာ သေချာတယ်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တရားမဲ့ဖမ်းဆီး နှိပ်စက်ခံနေရသူတွေ ခြွင်းချက်မရှိ ချက်ချင်း လွတ်မြောက်ဖို့နဲ့ နောင် ဘယ်ခါမှ ဒီလို တရားမဲ့ဖမ်းဆီးနှိပ်စက် သတ်ဖြတ်မခံရအောင် အာမခံချက်ရှိဖို့ဆိုတာ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ် သုတ်သင်နိုင်မှသာ ဖြစ်နိုင်တယ်။

နွေဦးတော်လှန်ရေး တိုက်ပွဲဝင်အင်အားစုတွေအဖို့ အခုလောက် စည်းချက်ညီသလို ဖြစ်တဲ့ စစ်ရေးအလှည့်အပြောင်း အရှိန်အဟုန်ကိုတောင် စစ်အုပ်စုက မခုခံနိုင် စစ်ဦးကျိုးတဲ့ အခြေအနေကို ဆိုက်သွားတာအပေါ် မှန်မှန်ကန်ကန် သုံးသပ် အခွင့်ကောင်းယူသင့်လှတယ်။ ညီညွတ်ရေးကို ရတတ်သရွေ့ ထပ်ဆင့်တိုးမြှင့်ပြီး စည်းချက်ညီသလိုဖြစ်တဲ့ စစ်ရေးလှုပ်ရှားမှုတွေကို အမှန်တကယ် အစီအစဉ်ရှိရှိ စည်းချက်ညီ လှုပ်ရှားမှုတွေအဖြစ် တိုးချဲ့နိုင်မယ်ဆိုရင် စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်သုတ်သင်ရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်နိုင်ရေး ပန်းတိုင်ဟာ နီးသည်ထက် ရှေ့ကို ခရီးပိုရောက်မှာ မလွဲမသွေဖြစ်တယ်။

■

*ရည်ညွှန်း။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ– ပါတီဝင်လက်စွဲစာအုပ်ပါ "အခြေခံနိုင်ငံရေး ရပ်တည်ချက်"*



# ကြွေဒါကိုက ပွင့်ခြင်းဘဲ

ပန်း ဆိုတာ
ကြွေဒါကိုက ပွင့်ခြင်းဘဲ။

တစ်ပွင့် ချွေရင်
တစ်ပွင့် ဝေလွင်နေမှာဘဲ။

နှစ်ပွင့် ချွေရင်
နှစ်ပွင့် ဝေလွင်နေမှာဘဲ။

ကဲ ချွေစမ်းပါဦး
လေရူးလေနှော့၊ သော့နှင်မဆုံး
လေသင်ဝုန်းလား၊ မုန်တိုင်းလားဘဲ
တအား တိုက်စမ်း၊ ချွေစမ်းပါဦး
ပန်းအဖူးတွေ၊ မြေမှာကြွေအောင်
မွချွေစမ်းပါ၊ မမှုပါဘူး
ကြွေဒါကိုက ပွင့်ခြင်းဘဲ။

ပန်းအဘိဓမ္မာ
ဒါပါပဲလေ၊ ချွေလို့ ကြွေကြွေ
ကြွေလို့ နေနေ၊ ကြွေဒါကိုက ပွင့်ခြင်းဘဲဟော့။ ။

မောင်ချောနွယ်
(၁၉၆၉ ခုနှစ်၊ တော်လှန်ကဗျာ စာအုပ်မှ မူရင်းသတ်ပုံအတိုင်း)



# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ပါတီဝင်ဖြစ်ဖို့...

စောဝင်း

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ပါတီဝင်ဖြစ်ဖို့ဆိုတာနဲ့ ပတ်သက်ရင် ပါတီဝင်လက်စွဲစာအုပ်တနည်း ပါတီရဲ့ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေမှာ အပိုင်း ၂ ပိုင်း ခွဲပြီး၊ အပိုဒ် ၃ ပိုဒ်၊ အချက် ၆ ချက် ဖော်ပြထားတယ်။ ဒါကို နားလည်ရလွယ်အောင် ရှင်းပြချင်တယ်။

ပထမတပိုင်းက ပါတီဝင် လျှောက်ထားသူ အပိုင်းပေါ့။ ပါတီဝင်လက်စွဲ အခန်း ၃၊ အပိုဒ် ၇ မှာ ဖော်ပြတယ်။

- အသက် ၁၈ နှစ်ပြည့်တဲ့ နိုင်ငံသား ဖြစ်ဖို့
- ဖွဲ့စည်းပုံစည်းမျဉ်း၊ မူဝါဒ သဘောထား၊ နိုင်ငံရေးလမ်းစဉ်တွေအပေါ် ယုံကြည် လက်ခံနိုင်ဖို့
- လူမျိုး။ ဘာသာ။ ကျား – မ မရွေး တဦးချင်း ဆန္ဒအလျောက် လျှောက်ထားဖို့

ဒီနေရာမှာ ပထမအချက်က ဒီနိုင်ငံရဲ့ တည်ဆဲဥပဒေ၊ နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေတွေနဲ့ သက်ဆိုင်သလို၊ တဖက်ကလည်း နိုင်ငံသားပြည့်သူတဦးအဖြစ် ကိုယ့်နိုင်ငံ့အရေးကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်မယ် ... ဆိုတဲ့သဘော၊ မိမိကိုယ်ကိုယ် ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ အရွယ်ရောက်သူတဦးအဖြစ်နဲ့ နိုင်ငံရေး လုပ်မယ် ... ဆိုတဲ့သဘောကို ဖော်ပြတာဖြစ်တယ်။

တတိယအချက်က ပုဂ္ဂိုလ်တဦးချင်းစီရဲ့ လွတ်လပ်တဲ့ သဘောဆန္ဒတွေကို အလေးထားတဲ့သဘောလည်း ဆောင်သလို၊ လိင် လူမျိုး ဘာသာ ခွဲခြားကန့်သတ်မှု မရှိကြောင်းလည်း ဖော်ပြတယ်။ ဂိုဏ်းအုပ်စုသဏ္ဍာန် ဖြစ်မလာစေဖို့ သတိထား ကန့်သတ်တာလည်း ဖြစ်တယ်။

အရေးအပါဆုံးအချက်က ဒုတိယပိုဒ် ဖြစ်လိမ့်မယ်။

ပါတီရဲ့ဖွဲ့စည်းပုံစည်းမျဉ်း၊ မူဝါဒ၊ သဘောထား၊ နိုင်ငံရေးလမ်းစဉ် စတာတွေကို ယုံကြည်လက်ခံနိုင်ခြင်း မရှိဘဲ ပါတီဝင်လျှောက်လွှာကို ဖြည့်သွင်းဖို့ မသင့်ပါဘူး။ ပါတီက နိုင်ငံရေးပါတီပါ။ နိုင်ငံရေးပါတီဆိုတာ နိုင်ငံရေးအမြင်၊ ယုံကြည်ချက်တွေ၊ အခြေခံသဘောထား ရပ်တည်ချက်တွေ၊ မူဝါဒတွေ တူညီသူတွေအချင်းချင်း စုရုံး စုပေါင်းပြီး တူညီတဲ့လုပ်ငန်းစဉ်တွေကို အတူတူလုပ်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စုဖွဲ့ထားတဲ့ အသင်းအပင်းအဖွဲ့အစည်း ဖြစ်တယ်။ အဲ့ဒီလို တူတူ အလုပ်'လုပ်ကြတဲ့အခါ ဝိုင်းဝန်း စုပေါင်းလုပ်နိုင်အောင် နည်းလမ်း၊ စည်းကမ်းတွေ သတ်မှတ်ဆောင်ရွက်တာဟာ ပါတီရဲ့ ဖွဲ့စည်းပုံစည်းမျဉ်းပဲ ဖြစ်ပါတယ်။ ဒီတော့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း၊ မူဝါဒ သဘောထား၊ နိုင်ငံရေးလမ်းစဉ်တွေအပေါ် ယုံကြည်လက်ခံနိုင်မှပဲ ပါတီဝင်လျှောက်လွှာကို ရေးဖြည့်စာရင်းသွင်းသင့်ပါတယ်။

ပါတီက အမည်အားဖြင့် လူ့အဖွဲ့အစည်းအသစ်ကို တည်ဆောက်ချင်တဲ့ ဒီမိုကရက်တစ်အမျိုးအစား နိုင်ငံရေးပါတီ ဖြစ်တယ်။ ဒီမိုကရေစီရဲ့ အခြေခံအုတ်မြစ်အဖြစ် စံတန်ဖိုး ၃ ရပ်ကို လက်ကိုင်ပြုတယ်။ စံပြုထားတဲ့ တရား ၃ ပါး မထွန်းကားဘဲနဲ့ ဒီမိုကရေစီအခြေအနေ မပေါ်ပေါက်နိုင်ဘူး၊ အပြန်အလှန်အားဖြင့် ဒီမိုကရေစီအခြေအနေမျိုး ရှိမှသာ စံတန်ဖိုး ၃ ရပ်အတွက် အာမခံချက်ရှိလိမ့်မယ်လို့ ယူဆတယ်။ နောက် နိုင်ငံရေး အခြေခံရပ်တည်ချက် ၄ ချက်ကို ကိုင်စွဲထားတယ်။ နိုင်ငံရေးဦးတည်ချက် ၅ ချက် ချမှတ်ထားတယ်။ အချက် ၁၁ ချက် ပါဝင်တဲ့ လတ်တလော နိုင်ငံရေးလုပ်ငန်းစဉ် ၃ ရပ် ရှိတယ်။ ပါတီဝင်များ လိုက်နာရမယ့် အခြေခံစည်းမျဉ်းစည်းကမ်း ၇ ချက် ပြဋ္ဌာန်းထားပြီး ပါတီဝင်တဦးရဲ့ အခွင့်အရေး ၅ ချက် ဖော်ပြထားတယ်။

ပါတီနဲ့တူတူ နိုင်ငံရေးအလုပ်တွေ လုပ်မယ်ဆိုရင် အခြေခံအားဖြင့် အထက်ကအချက်တွေ သိနားလည်ပြီး လက်ခံ၊ ယုံကြည်ရပါမယ်။ ဆက်ပြီး ပါတီရဲ့ဖွဲ့စည်းပုံအဆင့်ဆင့်၊ ကော်မတီစနစ်များ အကြောင်း၊ ပါတီတွင်းဒီမိုကရေစီ ကျင့်သုံးပုံ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ အရေးယူခြင်း အဆင့်ဆင့်၊ ပါတီရဲ့ အထွေထွေနိုင်ငံရေးသဘောထား စတဲ့ အခြား သိသင့်သိထိုက်တာတွေကိုလည်း ဖြည်းဖြည်းချင်းတော့ပို သိနားလည်ဖို့ ကြိုးစားကြရမှာပါ။ ဒါမှ အဆင့်ဆင့်သော ပါတီခေါင်းဆောင်မှု တာဝန်တွေကို ပုခုံးလွှဲ တာဝန်ယူနိုင်မှာ ဖြစ်တယ်။ ဒါမှသာ ပါတီလည်း ရေရှည် ကြံ့ခိုင် တည်တံ့မှာဖြစ်တယ်။

အခု နောက်တပိုင်းအနေနဲ့ ပါတီဝင်လျှောက်လွှာ လက်ခံရရှိပြီးတဲ့အခါ ပါတီဘက်က ဆောင်ရွက်ပုံအပိုင်း (အခန်း ၃၊ အပိုဒ် ၈ နဲ့ ၁၀) ကို မိတ်ဆက်ပေးပါ့မယ်။

– ပါတီဝင်တဦးရဲ့ ထောက်ခံချက်ပါတဲ့ ပါတီဝင်လျှောက်လွှာကို မြို့နယ်ပါတီကော်မတီကို တင်သွင်းလိုက်ရင် မြို့နယ်ကော်မတီက စိစစ်ပြီး လက်ခံသင့်/မသင့် မှတ်ချက်နဲ့တကွ သက်ဆိုင်ရာပါတီဌာနကို ပို့တယ်။

– သက်ဆိုင်ရာ ပါတီဌာနက လေ့လာစိစစ်ပြီး မှတ်ချက်နဲ့တကွ ဗဟိုဦးဆောင်ကော်မတီကို ထပ်ဆင့်တင်ပြတဲ့အခါ ဗဟိုဦးဆောင်ကော်မတီက ပါတီဝင်အဖြစ် လက်ခံ/လက်မခံ ဆိုတာကို ဆုံးဖြတ်အတည်ပြုပြီး အကြောင်းပြန်ပေးမှာဖြစ်တယ်။

– ပါတီဝင်သက်တမ်းကို တွက်ချက်ရာမှာတော့ ပါတီဝင်လျှောက်လွှာ စတင်တဲ့နေ့က စပြီး ရေတွက်မှာဖြစ်တယ်။

အထက် ၂ ချက်ကတော့ ပါတီရဲ့ လုပ်ထုံးလုပ်နည်းအရ ပါတီဝင်အဖြစ် လျှောက်ထားလာသူကို ပါတီဘက်က ပြန်စိစစ် အကဲဖြတ်တဲ့ ကာလတခုရှိလိမ့်မှာဆိုတာကို ဖေါ်ပြထားတာပဲ ဖြစ်တယ်။ ရှေ့က ဆိုခဲ့သလိုပဲ၊ ပါတီဝင်လျှောက်ထားလာသူဟာ ပါတီရဲ့ဖွဲ့စည်းပုံစည်းမျဉ်း၊ မူဝါဒ၊ သဘောထား၊ နိုင်ငံရေးလမ်းစဉ် စတာတွေကို ယုံကြည် လက်ခံနိုင်သူ ဖြစ်နိုင်/မဖြစ်နိုင် ဆိုတာကိုပဲ အဓိက စိစစ်တာပါ။ ပါတီဝင်တဦး လိုက်နာရမယ့် စည်းကမ်း ၇ ချက်နဲ့ အဆင်ပြေနိုင်/ မပြေနိုင်ကိုလည်း မှန်းဆ အကဲခတ်တာ လုပ်ပေမယ့် ဒါက ထိန်းကျောင်း ပြုပြင်နိုင်တဲ့ကိစ္စ ဖြစ်တာမို့ ပဓာနမကျဘူး။

နောက်ဆုံးတချက်ကတော့ အခန်း ၃၊ အပိုဒ် ၁၀ ရဲ့ ဖေါ်ပြချက်ပဲဖြစ်တယ်။ ပါတီဝင်အဖြစ် လက်ခံဖို့ ဗဟိုဦးဆောင်ကော်မတီက ဆုံးဖြတ်လိုက်ပြီဆိုရင် ပါတီဝင်အဖြစ်လျှောက်ထားသူဟာ လျှောက်လွှာတင်သွင်းတဲ့ အချိန်ကတည်းက ပါတီဝင်ဖြစ်ထိုက်သူ အရည်အချင်းနဲ့ ပြည့်စုံပြီးသား ဖြစ်နှင့်နေပြီး စိစစ်အတည်ပြုတဲ့ လုပ်ငန်းစဉ်ကသာ အချိန်ယူရတာဖြစ်တာမို့ ပါတီဝင်သက်တမ်းကို လျှောက်လွှာတင်တဲ့နေ့က စပြီးသတ်မှတ်တယ်လို့ ဖော်ပြတာဖြစ်တယ်။

အခုလောက်ဆို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်တယောက်ဖြစ်ဖို့ ဘာတွေလိုမလဲဆိုတဲ့ မေးခွန်းအတွက် အဖြေပေးပြီးပြီ ယူဆပါတယ်။

**စောဝင်း**



## ဖက်ဆစ်တော်လှန်ရေးနေ့ (၇၉) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လူ့ဘောင်သစ်လူငယ်နှင့်မဟာမိတ်များက စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးလှုပ်ရှားမှုပြုလုပ်

၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်၊ ရန်ကုန်

ဖက်ဆစ်တော်လှန်ရေးနေ့ (၇၉) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရွှေပြည်သာသပိတ်ကော်မတီ၊ ဗကသများအဖွဲ့ချုပ်နဲ့ လူ့ဘောင်သစ်လူငယ်တို့ ပူးပေါင်းပြီး ရန်ကုန်မြို့ ပန်းခြံတခုမှာ ဖက်ဆစ်ဆန့်ကျင်ရေး အသံဖိုင်ဖွင့်ကာ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုတရပ်ကို ပြုလုပ်ခဲ့ပါတယ်။

NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# NUCC ဒုတိယအကြိမ်ညီလာခံတွင် နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စား လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်နှင်းနှင်းမွှေး ပြောကြားသည့်မိန့်ခွန်း

ပထမဦးစွာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီရေးနဲ့ စစ်အာဏာရှင်စနစ် အမြစ်ဖြတ်သုတ်သင်ရေး တိုက်ပွဲအဆက်ဆက်မှာ ကျဆုံးခဲ့ရတဲ့ အာဇာနည်သူရဲကောင်းအပေါင်းကို အလေး အနက် ဦးညွှတ်ဂုဏ်ပြုကြောင်း ပြောချင်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ NUCC ဒုတိယအကြိမ် ညီလာခံကို တက်ရောက်လာကြတဲ့ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ NUCC ခေါင်းဆောင်တွေ၊ အမျိုးသားညီညွတ်ရေးအစိုးရ NUG ယာယီသမ္မတကြီးနဲ့ အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေ၊ မဟာမိတ်အဖွဲ့အစည်းတွေ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်တွေ၊ နွေဦး တော်လှန်ရေးမှာ အနည်းနည်းအဖုံဖုံနဲ့ ပါဝင်နေကြတဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ လူမျိုးပေါင်းစုံ ဗမာပြည်သူအပေါင်း၊ တော်လှန်ရေး သတင်းမီဒီယာအပေါင်းကို နှုတ်ခွန်းဆက်သ ဂါရဝပြုကြောင်းကိုလည်း တပါတည်းပြောချင်ပါတယ်။ ကျမကတော့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ NUCC နိုင်ငံရေး ပါတီများအစုအဖွဲ့မှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ကိုယ်စားလှယ်အဖြစ် ပါဝင်လျက်ရှိတဲ့ နှင်းနှင်းမွှေး ဖြစ်ပါတယ်။ အခက်အခဲတွေ၊ ကြံ့ကြာမှုတွေကြားထဲကပဲ NUCC ဒုတိယအကြိမ်ညီလာခံကို ကျင်းပနိုင် အောင် အချိန်ပေးအားထုတ်ခဲ့ကြတဲ့ NUCC ခေါင်းဆောင်တွေ၊ ညီလာခံကျင်းပရေးကော်မတီ ခေါင်းဆောင်တွေနဲ့ နည်းပညာအထောက်အကူပြု အဖွဲ့ဝင်တွေကိုလည်း အထူးတလည် ကျေးဇူးတင် ရှိကြောင်း ပြောချင်ပါတယ်။

ကျမတို့ ဆင်နွှဲလျက်ရှိကြတဲ့ နွေဦးတော်လှန်ရေးကြီးဟာ အခုဆိုရင် ၃ နှစ်ကျော်ကာလကို ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဒီကာလအတွင်း ကျမတို့ တော်လှန်ရေးအင်အားစုတွေကြားမှာ အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုတွေ၊ ဆက်စပ်မှုတွေကနေတဆင့် ပူးပေါင်းဆောင်ရွက်မှုတွေ အတန်အသင့် လုပ်နိုင်ခဲ့ကြပြီ လို့ ပြောနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။ တော်လှန်ရေးတခုမှာ ၃ နှစ်ဆိုတဲ့ကာလဟာ ရှည်ကြာလှ တယ်လို့တော့ ပြောလို့မရပါဘူး။ ဒါပေမဲ့ ကျမတို့တွေ ဒီကနေ့ ရင်ဆိုင်နေရတဲ့ အကြမ်းဖက်အာဏာသိမ်း စစ်အုပ်စုဟာ အင်မတန့် အင်မတန်ကို ဆိုးဝါးရက်စက်လွန်းလှပြီး လူစိတ်ပျောက်နေတဲ့သူတွေ ဖြစ်ပါတယ်။

စစ်အာဏာရှင်စနစ်ရဲ့ အကျိုးစီးပွားတွေကို ကာကွယ်နိုင်ဖို့အတွက်၊ သူတို့အာဏာ တည်မြဲရေးအတွက် အဆိုးဝါးဆုံးသော သရုပ်သကန်တွေကို ဖော်ထုတ်ပြသနေတဲ့ အကြမ်းဖက်အဖွဲ့လည်း ဖြစ်တာကြောင့် ဒီတော်လှန်ရေးကို အမြန်ဆုံးအောင်မြင်အောင် ဆောင်ရွက်နိုင်ကြဖို့ အရေးကြီးပါတယ်။

အခုအချိန်ဟာဆိုရင် အားလုံးသိကြတဲ့အတိုင်းပဲ စစ်အုပ်စုက သူတို့တပ်မှာ စစ်သားအရင်းအမြစ်ရှားပါးမှု၊ သူတို့ကို လက်နက်စွဲကိုင်တော်လှန်နေကြတဲ့ လူငယ်၊ လူလတ်ပိုင်း မျိုးဆက်တွေကို ဖိနှိပ်လိုမှုတွေကြောင့် အတင်းအဓမ္မ စစ်သားစုဆောင်းရေးစီအစဉ်တွေကို ပရမ်းပတာ လုပ်ဆောင်နေကြချိန်လည်း ဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်မှုတွေကြောင့် တနိုင်ငံလုံးမှာရှိတဲ့ မိသားစုတွေအားလုံး စိုးရိမ်ပူပန်နေကြရတဲ့ ကာလလည်း ဖြစ်ပါတယ်။ စစ်ပွဲဟာ၊ မတရားဖိနှိပ်မှုတွေဟာ အိမ်တိုင်းအိမ်တိုင်းရဲ့ တံခါးဝကို ရောက်လာခဲ့ပါပြီ။ လူတိုင်း လူတိုင်း၊ မိသားစုတိုင်း မိသားစုတိုင်းနဲ့ သက်ဆိုင်လာခဲ့ပါပြီ။ ဒါကြောင့်မို့လို့ ကျမတို့အားလုံးဟာ မတရားတဲ့အမိန့်အာဏာ ဟူသမျှကို တာဝန်အရဖီဆန်ကြရင်း တော်လှန်ရေးကို အမြန်ဆုံးအောင်မြင်အောင် ဆင်နွှဲနိုင်ကြဖို့ ဆောင်ရွက်ကြဖို့ အင်မတန် အရေးကြီးနေပြီလို့ ပြောချင်ပါတယ်။

ဒီလို ဆောင်ရွက်ကြရာမှာ တပ်ပေါင်းစုတွေ၊ ကွန်ရက်တွေအဖြစ် ချိတ်ဆက်ဆောင်ရွက်မှုတွေ ရှိကြသလို တပြိုင်နက်တည်းမှာလည်း အလုံးစုံပေါင်းစပ်နိုင်ဖို့ မလွယ်ကူတဲ့အခြေအနေမျိုးတွေ ရှိနေနိုင်ပါတယ်။ အဲဒီလိုအခြေအနေမျိုးဆိုရင် တချက်တူတချက်ပေါင်းဆိုတဲ့ လုပ်ဟန်တွေနဲ့ သွားကြရလိမ့်မယ်လို့ မြင်ပါတယ်။ အလုံးစုံတူမှ ညီမှဆိုရင် လက်တွေ့အလုပ်တွေ လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ နှေးကွေးတာ၊ မလွယ်ကူတာတွေလည်း ရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဘယ်လို လုပ်ဟန်မျိုးကို ကျင့်သုံးသည်ဖြစ်စေ ဘုံရန်သူတူညီကြတဲ့ ကျမတို့တတွေဟာ ဘုံအကျိုးစီးပွားဖြစ်တဲ့ စစ်အုပ်စုကို နိုင်ငံရေးနယ်ပယ်ကနေ အပြီးအပိုင် ဖယ်ရှားမောင်းထုတ်နိုင်ရေးအတွက် အလုပ်တွေ သွက်သွက်လုပ်နိုင်အောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ တရက်စောပြီး အောင်ပွဲရရင် ကျမတို့ပြည်သူတွေအတွက် တရက် သက်သာရာရတာပါပဲ။ တဖက်မှာ အားတက်စရာအနေနဲ့ဆိုရင် ကျမတို့ရဲ့ တော်လှန်ရေးအဖွဲ့အစည်း၊ တော်လှန်ရေးတပ်ဖွဲ့တွေက ရန်သူ့ခြေကုပ်စခန်းတွေ တခုပြီးတခုသိမ်း၊ မြို့တွေ တမြို့ပြီးတမြို့ သိမ်းပိုက်ပြီး အောင်ပွဲတွေခံနေကြတဲ့ကာလ ဆိုရင်လည်း မမှားပါဘူး။ ပြည်သူကို ရက်ရက်စက်စက် နင်းခြေ ဖိနှိပ်တာကြောင့် ပြည်သူက လက်မခံတဲ့ စစ်အုပ်စုဟာ မဝေးတော့တဲ့၊ မကြာတော့တဲ့ အချိန်ကာလမှာ ကျဆုံးကြရတော့မယ်လို့ ယုံကြည်ပါတယ်။ တပြိုင်နက်တည်းမှာ ဒီညီလာခံကြီးကနေ တော်လှန်ရေးအကျိုးစီးပွားကို ရှေးရှုပြီး တော်လှန်ရေး မြန်မြန်အောင်မြင်နိုင်ဖို့အတွက် နည်းကောင်းလမ်းကောင်းတွေ၊ ရလဒ်ကောင်းတွေ ရလာလိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်။ တယောက်အားဖြင့် ယူသော်မရ၊ တသောင်းအားဖြင့် ယူသော်ရ၏ ဆိုတဲ့ စကားဥပမာအတိုင်း ကျမတို့ရဲ့ ပေါင်းစပ်ညီညွတ်မှုတွေနဲ့ အောင်ပွဲပန်းတိုင်ကို လှမ်းကိုင်နိုင်တဲ့အထိ ကြိုးစားကြပါစို့၊ နွေဦးတော်လှန်ရေးရဲ့ ရည်မှန်းချက်ပန်းတိုင် ၃ ရပ်ဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အပြီးအပြတ် ဖျက်သိမ်းရေး၊ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချုပ်ငြိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်နိုင်ရေးတို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ ကျမရဲ့ အမှာစကားကို အဆုံးသတ်ပါတယ်။

**အရေးတော်ပုံ အောင်ကို အောင်ရမည်။**

■

# ဒုတိယအကြိမ် ပြည်သူ့ညီလာခံဟာ ညီလာခံ ပီသပါတယ်

**လွန်းနွေငြိမ်း**

၂၀၂၄၊ ဧပြီလ ၄ ရက်နေ့ကနေ ၉ ရက်နေ့အထိ ဒုတိယအကြိမ် ပြည်သူ့ညီလာခံကြီးကို အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ(NUCC)က ဦးဆောင်ပြီး ကျင်းပပြုလုပ်ခဲ့ကြတယ်။ ဒီညီလာခံကြီးကနေ ဧပြီ ၉ ရက်နေ့ နေ့စွဲနှင့် ပြည်သူသို့အစီရင်ခံစာတစောင် ထုတ်ပြန်ခဲ့တယ်။ ညီလာခံကြီးကနေ အဆိုပြုချက်၊ အကြံပြုချက် ၂၁ ချက်ပါ ထုတ်ပြန်ချက်တရပ်ကိုလည်း အစီရင်ခံစာနဲ့အတူ ပူးတွဲထုတ်ပြန်ခဲ့ကြတာ တွေ့ရပါတယ်။

ပြည်သူ့ညီလာခံကြီးကိုရော၊ ညီလာခံကြီးကထုတ်ပြန်ခဲ့တဲ့ ပြည်သူသို့အစီရင်ခံစာပါ အကြောင်းအရာများကိုရော၊ ညီလာခံကြီးရဲ့ အဆိုပြုချက်၊ အကြံပြုချက်များကိုရော ကျနော် တန်ဖိုးထားစွာ ကြိုဆိုထောက်ခံပါတယ်။ ညီလာခံကြီးနှင့် ညီလာခံရရှိချက်တွေဟာ နွေဦးတော်လှန်ရေးကြီးအဖို့ ရှေ့ကိုတိုးလာတဲ့ ခြေလှမ်းတလှမ်း၊ ကောင်းမွန်တဲ့အရွေ့တခုဖြစ်တယ်လို့ ကျနော် ကောက်ချက်ပြုချင်ပါတယ်။

ကျနော့်ရဲ့ ကောက်ချက်နှင့် ပတ်သက်ပြီး ကျနော့်နားလည်မှုကို အနည်းငယ် တင်ပြချင်ပါတယ်။ ဒီညီလာခံကြီးကို ဦးဆောင်ကျင်းပတဲ့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)ဟာ နွေဦးတော်လှန်ရေးကာလအတွင်း စုဖွဲ့ခဲ့ကြတဲ့ တော်လှန်ရေးအင်အားစုတွေထဲမှာ နှိုင်းယှဉ်ချက်အရ အင်အားအကောင်းဆုံး၊ အကျယ်ပြန့်ဆုံး အင်အားစုတရပ်ဖြစ်တယ်လို့ ကျနော် နားလည်ပါတယ်။

NUCC မှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH) အပါအဝင် ရွေးကောက်ခံကိုယ်စားလှယ်များ အစုအဖွဲ့ ပါဝင်တယ်။ နိုင်ငံရေးပါတီများအစုအဖွဲ့ ပါဝင်တယ်။ နွေဦးတော်လှန်ရေးမှာ ရှေ့တန်းကတိုက်ပွဲဝင်ခဲ့ကြတဲ့ လူငယ်တွေ၊ အမျိုးသမီးတွေ၊ ကျောင်းသားတွေ၊ CDM ဝန်ထမ်းတွေ၊ သပိတ်ကော်မတီတွေ စုပေါင်းပါဝင်ထားတဲ့ အစုအဖွဲ့ ပါဝင်တယ်။ စစ်အာဏာရှင်စနစ်ကို ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင်တော်လှန်နေကြတဲ့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေရဲ့ အစုအဖွဲ့ ပါဝင်တယ်။ ကြားကာလ ပြည်နယ်၊ ဖက်ဒရယ်ယူနစ်ကောင်စီများရဲ့ အစုအဖွဲ့ ပါဝင်ကြတယ်။ စုဖွဲ့မှုမှာ တကယ်အလုပ်လုပ်နေကြတဲ့ အင်အားစုတွေ၊ စုံလင်ကွဲပြားပေမယ့် ဘုံရည်မှန်းချက်တူညီတဲ့ အင်အားစုတွေ ပါဝင်နေကြတာဖြစ်ပါတယ်။

ဒီစုဖွဲ့မှုမှာ အားနည်းမှုရော မရှိဘူးလား။ သဲလဲစင်လား။ ဘယ်ဟုတ်မလဲ။ သူ့မှာလည်း အားနည်းမှုတစုံတရာ ရှိပါတယ်။ အားနည်းချက်တွေကို အားသာချက်တွေဖြစ်လာအောင်၊ အားသာချက်တွေကို ပိုမိုသန်စွမ်းဖွံ့ဖြိုးလာအောင် တိုက်ပွဲအတွင်းမှာပဲ တည်ဆောက်ယူကြရမှာက အဖွဲ့အစည်းတိုင်း၊ အင်အားစုတိုင်းရဲ့ အချိန်နဲ့အမျှ ဆောင်ရွက်နေကြရမယ့် ကျင့်ဝတ်လို့ ကျနော် နားလည်ပါတယ်။ အားနည်းမှုက ပြင်မရတဲ့အရာ မဟုတ်ပါဘူး။

NUCC ဟာ ၂၀၂၂၊ ဇန်နဝါရီ ၂၇ ကနေ ၂၉ ရက်နေ့အထိ ပထမအကြိမ်ပြည်သူ့ညီလာခံကြီးကို ကမကထပြု ကျင်းပခဲ့တယ်။ ပထမအကြိမ်ညီလာခံကြီးကနေ ဖက်ဒရယ်ဒီမိုကရေစီပဋိဉာဉ် အစိတ်အပိုင်း (၁) နှင့် အစိတ်အပိုင်း (၂) ကို အတည်ပြုချမှတ်ခဲ့ကြတယ်။ ၂၀၂၁ ဧပြီလ ၁၆ ရက်နေ့ကတည်းက

NUCC က စတင်ဖွဲ့စည်းပေးခဲ့တဲ့ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) စုဖွဲ့မှုကို ညီလာခံကြီးမှာ ထပ်လောင်း အတည်ပြုခဲ့ကြတယ်။ ပြည်သူ့ညီလာခံတွေကို ၆ လတကြိမ် ကျင်းပပြုလုပ်ပြီး ပြည်သူတွေရဲ့ ဆန္ဒသဘောထားတွေကို ရယူ အကောင်အထည်ဖော်သွားကြဖို့ တခဲနက် ဆုံးဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။ အခြေအနေအကြောင်းကြောင်းကြောင့် ၆ လတကြိမ်ကျင်းပရေးကို မပြုလုပ်နိုင်ခဲ့ကြဘူး။

၂ နှစ် ၂ လနှင့် ၅ ရက်အကြာမှာမှ အခု ဒုတိယအကြိမ် ပြည်သူ့ညီလာခံကြီးကို ကျင်းပနိုင်တာ ဖြစ်ပါတယ်။ ကျင်းပချိန်မှာတော့ ပြောခဲ့တဲ့ အစုအဖွဲ့ကြီး ၅ ခုက ညီလာခံကိုယ်စားလှယ် ၂၀၄ ဦး၊ ပါဝင်ဆွေးနွေးရန် အထူးဖိတ်ကြားထားသူ ၁၀၄ ဦးနှင့် လေ့လာသူ ၁၂၈ ဦး တက်ရောက်နိုင်ခဲ့ကြတာ တွေ့ရပါတယ်။ အမျိုးသမီးပါဝင်မှုက ၃၄.၃ နှင့် လိင်စိတ်ခံယူမှု ကွဲပြားသူများက ၀.၈ အထိ ပါဝင် တက်ရောက်ကြတယ်လို့ သိရပါတယ်။

ညီလာခံကြီးမှာ NUCC တစုံလုံးရဲ့ ဆောင်ရွက်ထားရှိမှုအစီရင်ခံစာ၊ NUCCရဲ့ ပူးတွဲပေါင်းစပ် ညှိနှိုင်းရေး ကော်မတီအသီးသီးရဲ့ ဆောင်ရွက်ထားရှိမှု အစီရင်ခံစာတွေ၊ အမျိုးသားညီညွတ်ရေးအစိုးရ ( NUG) ဝန်ကြီးဌာနအသီးသီးရဲ့ ဆောင်ရွက်ထားရှိမှု အစီရင်ခံစာတွေကို တင်ပြ အစီရင်ခံကြပါတယ်။ အစီရင်ခံစာတွေမှာ အားနည်းချက်၊ အားသာချက်တွေနှင့် ရှေ့လုပ်ငန်းစဉ်များပါ ထည့်သွင်းဖော်ပြ ထားကြတာ တွေ့ရပါတယ်။

ညီလာခံအစီအစဉ်များ ပြင်ဆင်ထားမှုမှအစ NUCC တစုံလုံးအပေါ်၊ NUCC ရဲ့ ပေါင်းစပ်ညှိနှိုင်း ရေး ကော်မတီတွေအပေါ်၊ NUGရဲ့ ဝန်ကြီးဌာနအသီးသီးအပေါ် ညီလာခံကိုယ်စားလှယ်တွေက မရှင်း လင်းတာ၊ အထူးပြုသိချင်တာတွေကို ပွင့်ပွင့်လင်းလင်း မေးမြန်းကြတာ၊ အားနည်းချက်လို့ ယူဆတာ တွေအပေါ် အားမနာတမ်း ထောက်ပြဝေဖန်ကြတာတွေကို တွေ့ရပါတယ်။ တော်တော်လေး ပွဲဆူတယ်လို့ အချို့ မှတ်ချက်ပြုကြပေမယ့် ကျနော်ကတော့ အဲလို မျက်နှာချင်းဆိုင် ပြောကြဆိုကြတာကို ကောင်းတယ်လို့ မြင်ပါတယ်။

မြေပြင်ရဲ့ လက်တွေ့ခါးသီးမှုတွေကို ကိုယ်တိုင်ရင်ဆိုင် ကြုံတွေ့နေကြရသူတွေ ဖြစ်တာကြောင့် အားမလို အားမရစိတ်တွေနဲ့အတူ အချို့ကိုယ်စားလှယ်များ ဆွေးနွေးရင်း ထောက်ပြရင်း အသံမာလာတာ၊ စကားလုံးသုံးစွဲမှု တစုံတရာ ပြင်းလာတာတော့ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒါကို အပြစ်တင်ပြီး စာဖွဲ့နေဖို့ကလည်း မသင့်ဘူးလို့မြင်ပါတယ်။ သတင်းစီးဆင်းမှုအားနည်းတာ၊ (Information Gap) ဖြစ်တာ၊ အချက် အလက်သိရှိမှု အထူအပါးကွာဟတာ၊ ဖြတ်သန်းရတဲ့နေရာ၊ နယ်ပယ်မတူညီကြတာ စတဲ့ စုံလင်ကွဲပြားမှု တွေကြောင့် ဖြစ်ကြရတာ၊ ၂ နှစ်ကျော်ကျော်ကြာမှ ပြန်ကျင်းပနိုင်ကြတာတွေရဲ့ အကျိုးဆက်တွေ ဖြစ်တယ်လို့ အားလုံးနီးပါးက နားလည်လက်ခံကြတဲ့ပုံ တွေ့ရပါတယ်။ အကျိုးဆောင်များနှင့် သဘာပတိများ ကလည်း အတတ်နိုင်ဆုံး ပြေပြစ်ချောမောစွာ ကျင်းပအောင်မြင်နိုင်ရေးအတွက် ကြိုးကြိုးစားစား တာဝန်ယူ ဆောင်ရွက်ပေးကြတာ ကျေးဇူးတင်စရာကောင်းပါတယ်။

မရည်ရွယ်သော်လည်း တဖက်ရဲ့ နိုင်ငံရေးဂုဏ်သိက္ခာကို ထိခိုက်သွားတာမျိုးတွေ မတော်တဆ ပြောမိဆိုမိသွားကြရင်လည်း ညီလာခံထဲမှာပဲ အပြန်အလှန်တောင်းပန်ကြတာ တွေ့ရပါတယ်။ ညီလာခံ ယဉ်ကျေးမှုကို ထိန်းသိမ်းကြတာ၊ ညီလာခံ ရပ်မဆိုင်းရလေအောင် ဝိုင်းဝန်းကြိုးစားကြတာ တွေ့ရပါတယ်။

အစီရင်ခံတင်သွင်းသူ တာဝန်ရှိသူများဘက်ကလည်း မေးမြန်းချက်များအပေါ် တလေးတစား

ပြန်ရှင်းလင်းပေးတာ၊ ဝေဖန်ထောက်ပြမှုတွေဆိုရင်လည်း အတတ်နိုင်ဆုံး ပြန်ဆွေးနွေးကြတာ၊ အဆိုပြုတာ အကြံပြုတာတွေကိုလည်း ကျေးဇူးတင်လက်ခံရယူကြတာတွေ တွေ့ရပါတယ်။ ရာခိုင်နှုန်းပြည့် ပြေပြေချောချောကြီး မဟုတ်သည့်တိုင် တက်ရောက်သူတိုင်းက တော်လှန်ရေးအကျိုးကို ရှေ့ရှုပြီး ပြောဆို ဆွေးနွေးနေကြတာ၊ ငြင်းခုန်နေကြတာ၊ ထောက်ခံနေကြတာ ဖြစ်တာကြောင့် အသံတိုင်းက သာယာသံတွေ ဖြစ်တယ်လို့ ကျနော်တော့ ယူဆပါတယ်။

မူလက ညီလာခံကို ၃ ရက်ပဲ ရည်ရွယ်ခဲ့ကြပေမယ့် ရဲဘော်တွေရဲ့ တက်ကြွမှု၊ စိတ်အားထက်သန်မှု၊ ကျေကျေလည်လည်ဖြစ်လိုမှု၊ ပိုမိုအားကောင်းတဲ့ အလုပ်တွေကို အင်တိုက်အားတိုက် ဆောင်ရွက်သွားလိုမှု တွေကြောင့် ၅ ရက်တိုင်တိုင် အချိန်တိုးယူပြီး ကျင်းပခဲ့ကြတာဖြစ်ပါတယ်။ အားလုံးရဲ့ လုံခြုံရေးအရ တိုးလို့ရသမျှကို တိုးပြီး ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။ ကျနော့်အမြင်အရ ပြောရရင် ပြည်သူ့ညီလာခံဟာ ပြည်သူတွေရဲ့ ရင်ဖွင့်သံတွေ ထင်ဟပ်နိုင်တယ်လို့ ယူဆပါတယ်။

ဆုံးဖြတ်ချက်တွေကို ကြည့်ရင်လည်း ဒေသန္တရအုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စတွေမှာ မမှားသင့်တာ မမှားရအောင် (ပြောနေကျစကားနဲ့ ပြောရရင် အာဏာရှင်ကိုတိုက်ရင်း အာဏာရှင်ဖြစ်သွား တာမျိုး မဖြစ်ကြရအောင်) စနစ်တကျ ဆောင်ရွက်ရေး၊ စစ်ကောင်စီက မတရားသဖြင့် ဆောင်ရွက်နေတဲ့ စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး လူထုကို ထိထိရောက်ရောက်ကူညီကာကွယ်ရေး၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံ သား ဥပဒေကို ဖျက်သိမ်းပြီး ကောင်းမွန်ပြည့်စုံတဲ့ ဥပဒေသစ်ရေးဆွဲရေးဆိုတဲ့ကိစ္စ ၃ ခု ဖြစ်ပါတယ်။ သေချာပေါက် ဆောင်ရွက်ကြရမယ့် ကိစ္စတွေလို့ မြင်ပါတယ်။ သဘောတူပါတယ်။

အဆိုပြုချက်၊ အကြံပြုချက် ၂၁ ချက်ကလည်း အင်မတန်ကောင်းပါတယ်။ ဒီ ၂၁ ချက်ပါ အလုပ်တွေကို NUCC နဲ့ NUG တို့က ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နဲ့အညီ ညှိနှိုင်းတိုင်ပင် ဆောင်ရွက် သွားကြဖို့ ဖြစ်ပါတယ်။ ပိုမို ကြံ့ခိုင်တဲ့ NUCC ၊ ပိုမိုထမ်းရွက်သယ်ဆောင်နိုင်တဲ့ NUG ဖြစ်လာစေရေး အတွက် တကယ့် အားဆေးတွေ ဖြစ်ပါတယ်။ လူမျိုးစုံပြည်သူတွေကို မျက်နှာမူပြီး၊ တိုင်းပြည်အကျိုးကို တည့်တည့်ကြည့်ပြီး၊ နွေဦးတော်လှန်ရေးရဲ့ ဘုံရည်မှန်းချက်တွေကို ရှေ့ရှုပြီး၊ ကျဆုံးသွားတဲ့ ရဲဘော်တွေ အပေါ် သစ္စာတိုင်ပြီး အလုပ်တွေကို စိတ်အားထက်သန်စွာ ဆက်ပြီးလုပ်ကြဖို့ တကယ့် အလုပ် လမ်းညွှန်တွေဖြစ်ပါတယ်။

ချုပ်ပြီးပြောရရင် ဒုတိယအကြိမ် ပြည်သူ့ညီလာခံဟာ ညီလာခံပီသပါတယ်။ ကျနော်တို့ ညီညီ ညွတ်ညွတ်ရှေ့တိုးပြီး အလုပ်လုပ်ကြဖို့ပဲလိုပါတယ်။ ဒါကြောင့် ညီလာခံကြီးကို ကြိုဆိုထောက်ခံ လိုက်ပါတယ်။

**လွှမ်းနွေငြိမ်း**

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၄ ရက်



# လူထုလှုပ်ရှားမှုကို ဖွင့်ဆိုခြင်း (၁)

နီနီ

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တန်းတူရေး၊ တရားမျှတရေး၊ ခွဲခြားဖိနှိပ်ခံရမှု ကင်းစင်ရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ အခြေခံရပိုင်ခွင့်များအရေး စတဲ့အကြောင်းအရာတွေအလိုက် တဦးချင်း တယောက်ချင်းမဟုတ်ဘဲ အကျိုးတူရာလူတွေစုဖွဲ့ပြီး အတူပူးပေါင်း ရုန်းကန်လှုပ်ရှားကြတာဟာ လူထု လှုပ်ရှားမှု ဖြစ်တယ်။

မိမိတို့ပါတီအနေဖြင့် နိုင်ငံရေးတန်ဖိုးထားချက်၊ ယုံကြည်လက်ခံချက်အဖြစ် လူသားများရဲ့ သွေးစည်း ညီညွတ်တဲ့ အတူတကွ ရုန်းကန်လှုပ်ရှားမှုတွေနဲ့ပဲ ပိုကောင်းမွန်တဲ့ လူ့လောကအသစ်ကို တည်ဆောက် နိုင်မယ်လို့ ယုံကြောင်း ဖော်ပြခဲ့ပြီးဖြစ်တယ်။ ဒါ့ကြောင့် တရားမျှတမှုကို အခြေခံတဲ့၊ လူထု လူတန်းစား အသီးသီးရဲ့ အခြေခံရပိုင်ခွင့်တွေကို ကာကွယ်တောင်းဆိုတဲ့၊ ပိုကောင်းတဲ့လူ့လောကအသစ် တည် ဆောက်ရေးကို ရှေးရှုနေတဲ့ ရုန်းကန်လှုပ်ရှားမှုတွေကို မှန်ကန်တရားမျှတတဲ့ လှုပ်ရှားမှုများအဖြစ် လက်ခံထားတယ်။

ဗမာပြည်သမိုင်းမှာ ၁၉၂၀ ပထမကျောင်းသားသပိတ်၊ အဲ့ဒီသပိတ်နဲ့ ဆက်စပ်ပေါ်ပေါက်ခဲ့တဲ့ အမျိုးသားကျောင်းတွေ၊ အဲ့ဒီကျောင်းတွေရဲ့ အမျိုးသားပညာရေးလှုပ်ရှားမှု၊ ၁၉၃၆ ဒုတိယကျောင်းသား သပိတ်၊ ၁၃၀၀ပြည့် အရေးတော်ပုံ၊ ဖက်ဆစ်တော်လှန်ရေး၊ နေသူရိန်အစည်းအဝေး၊ လယ်ဝေး လယ်သမား ညီလာခံ၊ ၇ ဇူလိုင်အရေးတော်ပုံ၊ ၁၉၇၄ အလုပ်သမားတိုက်ပွဲ၊ ၁၉၇၅ ရွှေတိဂုံသပိတ်၊ ၁၉၇၆ မှိုင်းရာပြည့်၊ ၁၉၈၈ လူထုအရေးတော်ပုံကြီး၊ ၂၀၁၅ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု စတာတွေဟာ ထင်ရှားတဲ့ လူထုလှုပ်ရှားမှုတွေလို့ ဆိုနိုင်တယ်။

မဆလ အစိုးရလက်ထက်က အစိုးရလုပ်ရပ်ထောက်ခံပွဲတွေ၊ အခု စစ်တပ်ထောက်ခံပွဲတွေ၊ မဘသ လှုပ်ရှားမှုတွေဟာ လူထုလှုပ်ရှားမှုအသွင် ဆောင်ကြသလိုရှိပေမယ့် မိမိတို့တန်ဖိုးထားတဲ့ လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှုဆိုတဲ့ စံတန်ဖိုးတွေနဲ့တော့ ဖီလာဆန့်ကျင်နေကြတယ်။ ငြိမ်းချမ်း ညီညွတ် လွတ်လပ် တန်းတူတဲ့ လူ့အဖွဲ့အစည်းသစ် တည်ဆောက်အောင်မြင်နိုင်ရေးကို ဟန့်တား နှောက်ယှက်တဲ့ လုပ်ရပ်တွေဖြစ်လို့ မလွဲမသွေ ကျဆုံးရမယ်လို့ မိမိတို့ပါတီက အလေးအနက်ခံယူတယ်။

လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှု စံတန်ဖိုးတွေဆီကနေ မသွေဖီတဲ့ လူထုလှုပ်ရှားမှုတွေကို မိမိတို့လူ့အဖွဲ့အစည်း ပိုမိုတိုးတက် ကောင်းမွန်လာရေးအတွက် ထောက်ခံ၊ ပူးပေါင်း ပါဝင်ရမှာဖြစ်တယ်။

## ပိုလန်၊ ဖိလစ်ပိုင်နှင့် ဗမာပြည် လူထုလှုပ်ရှားမှုများ (အကျဉ်း) မိတ်ဆက်ခြင်း

မတူကွဲပြားတဲ့ နိုင်ငံတွေက လူထုလှုပ်ရှားမှုတွေရဲ့ အခန်းကဏ္ဍတွေ၊ အဲ့ဒါတွေရဲ့ မောင်းနှင်အားတွေ၊ အားကောင်းတဲ့ လူထုလှုပ်ရှားမှုများနဲ့ အုပ်စိုးသူတွေ ကြုံကြရတဲ့ ဘေးကြပ်နံကြပ်ဖြစ်မှုတွေ၊ လူထု လှုပ်ရှားမှုတွေရဲ့ သဘောသဘာဝနဲ့ အခြေခံအကြောင်းအရင်းတွေ၊ ပိုလန်နဲ့ ဖိလစ်ပိုင်နိုင်ငံတွေမှာ ဖြစ်ခဲ့တဲ့ အသွင်ကူးပြောင်းရေးအကြိုကာလ အခြေအနေတွေ၊ ဗမာပြည်မှာဖြစ်ခဲ့တဲ့ ၁၉၈၈ ဒီမိုကရေစီရေး လှုပ်ရှားမှု ဆိုပြီး (၃) ပိုင်းခွဲ တင်ပြသွားပါမယ်။

## လူထုလှုပ်ရှားမှုများ၏ အခန်းကဏ္ဍနှင့် အသွင်ကူးပြောင်းရေးအကြိုကာလ ဘေးကြပ်နံကြပ် အခြေအနေ

အသွင်ကူးပြောင်းရေးကာလဖြစ်ဖြစ်၊ အသွင်ကူးပြောင်းရေးကာလအလွန် အခြေအနေကိုဖြစ်ဖြစ် ရောက်နေကြတဲ့ နိုင်ငံအားလုံးနီးပါးဟာ အသွင်ကူးပြောင်းရေး အကြိုကာလအဆင့်မှာ ဆန္ဒပြတာ၊ ကန့်ကွက်တာ၊ ချီတတ်တာနဲ့ အုံကြွတာတွေ တွေ့ကြုံခဲ့တယ်။ ဖိလစ်ပိုင်နိုင်ငံက ပြည်သူ့အာဏာ တော်လှန်ရေး "people power revolt" ဟာ ၁၉၈၆ ခုနှစ်မှာ မားကို့စ်အစိုးရကို ဖြုတ်ချခဲ့တယ်။ အဲ့ဒီ တော်လှန်ရေးရဲ့ ကြွေးကြော်သံ တော်လောက်ပြီ၊ ငါတို့ အပြောင်းအလဲကိုလိုချင်တယ် "Enough is enough. We want a change" ဆိုတာ အာရှတခွင်လုံးကို ပဲ့တင်သံ လှိုင်းထစေခဲ့တယ်။ ပိုလန်ရဲ့ သွေးစည်းညီညွတ်ရေးလှုပ်ရှားမှုက ၁၉၈၈ – ၈၉ ခုနှစ်နှောင်းပိုင်းမှာ သူတို့တိုင်းပြည်ကို ဒီမိုကရေစီ ကူးပြောင်းရေးဆီ ဦးတည်သွားစေခဲ့ပြီး အရှေ့ဥရောပတခွင်လုံးဆီ ပဲ့တင်ထပ်ခဲ့တယ်။ ဟန်တင်တန် (Huntington)က အဲ့ဒီအဖြစ်အပျက်တွေကို ဆန္ဒပြမှုပဲ့တင်ခြင်း(ဝါ) ဆန္ဒပြမှုအကျိုးဆက် "demonstration effect" လို့ ခေါ်ပြီး မကြာခင်က တကမ္ဘာလုံးမှာဖြစ်ခဲ့တဲ့ ဒီမိုကရေစီအသွင်ကူး ပြောင်းရေးဖြစ်စဉ်မှာ သော့ချက်ကျတဲ့ အကြောင်းရင်းတခုပဲလို့ ဆိုခဲ့တယ်။

အဲ့ဒီအချိန်ကာလတွေရဲ့ အစောပိုင်းအဆင့်တွေမှာ အစိုးရတွေက သူတို့အပေါ် ဖိအားတွေကို ခုခံဖို့ ကြိုးပမ်းတာတွေ၊ သူတို့ရဲ့ တရားဝင်မှုကို ပြန်တည်ဆောက်နိုင်ဖို့ အားထုတ်တာတွေ ရှိနိုင်တယ်။ လှုပ်ရှားမှုတွေ အားနည်းသွားအောင် မတရားဖမ်းဆီးတာ၊ သတ်ဖြတ်တာ၊ စစ်တပ်နှင့်ရဲတွေကို သုံးပြီး ဆန္ဒပြသူတွေ၊ တက်ကြွလှုပ်ရှားသူတွေကို နှိမ်နင်းတာ၊ လူစုဝေးမှုတွေနဲ့ သတင်းမီဒီယာတွေအပေါ် ကန့်သတ်မှုတွေ ပိုတိုးတာ ... စတဲ့ အကြမ်းဖက်ဖိနှိပ်မှုတွေ လုပ်လာနိုင်တယ်။ သူတို့ရဲ့ တရားဝင်မှုကို

မြှင့်တင်တာ လှုပ်ရှားမှုတွေကို အားနည်းအောင်လုပ်တာတွေနဲ့ တပြိုင်တည်းမှာပဲ နိုင်ငံရေးအကျဉ်းသားတချို့ လွှတ်ပေးတာမျိုး၊ အရေးမကြီးတဲ့ ကန့်သတ်ချက်အချို့ လျှော့ချပေးတာမျိုး ဒါမှမဟုတ်လည်း လာမယ့် ရွေးကောက်ပွဲတွေအကြောင်း လေသံပေးလာတာမျိုး စတဲ့ အပေါ်ယံအပြောင်းအလဲတွေလည်း လုပ်လာတတ်ပါတယ်။

တခါတလေကျတော့ အဲ့ဒီ အားထုတ်မှုတွေကနေ ပိုနက်ရှိုင်းတဲ့ အကြပ်အတည်းအခြေအနေဆီ ဦးတည်သွားနိုင်တယ်။ အုပ်စိုးသူတွေဟာ နှုတ်ထွက်ပဲ ပေးရမလား၊ စေ့စပ်ဆွေးနွေးရမလား၊ ဆက်ပြီး တောင့်ခံထားမလားဆိုတာ လမ်းကြောင်းရွေးချယ်ဖို့ အကြပ်ရိုက်တဲ့ အခြေအနေမျိုး ရောက်သွားနိုင်တယ်။ အဲ့ဒီအချိန်မျိုးမှာ အာဏာရှင်တွေအနေနဲ့ နိုင်ငံတော်ယန္တယားတစ်ခုလုံးကို ထိန်းချုပ်နိုင်ခြင်း မရှိတာကြောင့် အုပ်စိုးသူတွေအကြား အားလုံး လက်ခံနိုင်မှုအပေါ် မူတည်ပြီး ဆုံးဖြတ်လေ့ရှိတယ်။

ဖိလစ်ပိုင်နိုင်ငံမှာ လူထုလှုပ်ရှားမှုရဲ့ ထောက်ခံပံ့ပိုးမှုရထားတဲ့ အတိုက်အခံခေါင်းဆောင် ကိုရာဇန် အကွီနိုဟာ မဲရေတွက်မှုပြီးတာနဲ့ သူ့ကိုယ်သူ ဖိလစ်ပိုင်နိုင်ငံရဲ့ ရွေးကောက်ခံရတဲ့သမ္မတအဖြစ် ချက်ချင်း ကြေညာခဲ့တယ်။ အဲ့ဒီအတွက် စစ်တပ်အတွင်း သဘောထားကွဲလွဲမှုကို ပိုမိုနက်ရှိုင်းစေခဲ့တယ်၊ ဒုတိယစစ်ဦးစီးချုပ်ရဲ့ ထောက်ခံမှုကို ရခဲ့တယ်။

ပိုလန်နိုင်ငံမှာတော့ တော်လှန်ရေးလှုပ်ရှားမှုတွေ ဆယ်နှစ်လောက် ကြာပြီးတဲ့အခါ ၁၉၈၈ ခုနှစ်ကျ သွေးစည်းညီညွတ်ရေးအဖွဲ့ ဦးဆောင်တဲ့ သပိတ်မှောက် ဆန္ဒပြတိုက်ပွဲတွေဟာ အခြေအနေကို ထိန်းမနိုင်သိမ်းမရ ဖြစ်သွားစေပြီး၊ အုပ်စိုးသူတွေအဖို့ အတိုက်အခံတွေနဲ့ မဖြစ်မနေ အာဏာခွဲဝေရမယ့် အခြေအနေဆီ တွန်းပို့နိုင်ခဲ့ပြီး ကျယ်ပြန့်တဲ့တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်းများ စတင်နိုင်ခဲ့တယ်။ သမဂ္ဂတွေအပေါ် ဩဇာရှိအောင် စွမ်းဆောင်နိုင်လို့ ပိုအားကောင်းလာတဲ့ သွေးစည်းညီညွတ်ရေးခေါင်းဆောင်တွေဟာ ရလာတဲ့အခွင့်အလမ်းကို မိမိရရ ဆုပ်ကိုင်နိုင်ခဲ့တယ်။ တပါတီစနစ်နဲ့အုပ်ချုပ်တဲ့ ကွန်မြူနစ်နိုင်ငံ ဖျက်သိမ်းရေးကို ဦးတည်တဲ့လှုပ်ရှားမှုတွေကို ဦးဆောင်နိုင်ခဲ့တယ်။

### အားကောင်းသော လူထုလှုပ်ရှားမှုအခြေခံ

ဖိလစ်ပိုင်နိုင်ငံမှာ မားကို့စ်အစိုးရက မာရှယ်လော ထုတ်ထားတဲ့အချိန် ပြည်သူလူထုက အစိုးရအပေါ် မကျေနပ်ချက်တွေကို ရယ်စရာဟာသတွေနဲ့ သရော်ပြီး တုံ့ပြန်ထိုးနှက်ခဲ့ကြတယ်။ ဥပမာတစ်ခုက– အီမယ်လ်ဒါ သေပြီး နတ်ပြည်ရောက်သွားတယ်။ နတ်ပြည်ကို အီမယ်လ်ဒါ ဝင်လာတဲ့အခါ ဘုရားသခင်က လွဲပြီး အားလုံး မတ်တပ်ရပ်ကြတယ်။ ယေရှုက ကောင်းကင်ဘုံကလာတဲ့ အဖဘုရားသခင် ဘာများ ဖြစ်တော်မူလဲ၊ အဘယ့်ကြောင့် အီမယ်လ်ဒါမားကို့စ်ကို မတ်တပ်ရပ်ပြီး မကြိုဆိုပါသလဲ အရှင်လို့ လျှောက်မေးတယ်။ ဘုရားသခင်က ငါ့နေရာပျောက်မှာ စိုးရိမ်လို့ပါ၊ တကယ်လို့ ငါ မတ်တပ်ရပ်လိုက်ရင် ငါ့သလွန်ပေါ် သူ ဝင်ထိုင်လိမ့်မယ်လို့ ပြန်ဖြေတယ်။

အဲ့ဒီအချိန် ထွက်ပေါ်ခဲ့တဲ့ ဟာသအများစုက ဘာသာရေးနဲ့ ပတ်သက်တာတွေ ဖြစ်ပြီး ကက်သလစ် ဘာသာရေးနဲ့ ပတ်သက်တာက ပိုများတယ်လို့ဆိုပါတယ်။ မားကို့စ်က သူ့အစိုးရဟာ ဘာသာရေးအရလည်း တရားဝင်မှုရှိတယ်လို့ ပြောဆိုချက်ကို အထူးပစ်မှတ်ထားငြင်းဆိုဖို့ အဲ့ဒီလို ဟာသ သရော်မှုတွေ ပေါ်လာတာ ဖြစ်တယ်။ ဒီလို ဟာသလုပ်ဆောင်မှုတွေဟာ ပြည်သူလူထုရဲ့ မကျေနပ်ချက်တွေကို ရောင်ပြန်ဟပ်နေပြီး

အာဏာပိုင်တွေအပေါ် တိုက်ရိုက် တုံ့ပြန်ချက်တွေလည်း ဖြစ်တယ်။ ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းတွေမှာ ရနိုင်တဲ့ အခွင့်အလမ်းမှန်သမျှကို မာရှယ်လောနဲ့ ပိတ်ဆို့ကန့်သတ်ထားတဲ့ အခြေအနေမျိုးမှာ လူထုကို ဆော်ဩစည်းရုံးနိုင်တဲ့ အထိရောက်ဆုံးလက်နက်တွေပဲဖြစ်တယ်။ ''ဤကဲ့သို့သော နိုင်ငံရေး အခင်းအကျင်း၌ ကြေညာခြင်းမရှိဘဲ ပြင်းထန်စွာဆင်နွှဲသော သဘောတရားစစ်ပွဲတွင် ကောလာဟာလများ ထုတ်လွှင့်ခြင်း၊ အတင်းပြောခြင်း၊ သရုပ်ဖျက်ခြင်းများ၊ စကားလိမ်များသုံးခြင်း၊ တင်စားပြောခြင်း၊ စကားလုံး အနုအလှလေးများဖြင့် ခွျေးသိပ်ပြောဆိုခြင်း၊ ရှေးရိုးပုံပြင်များ ပြောဆိုခြင်း၊ ထုံးတမ်းအစဉ်အလာ အပြုအမူများဖြင့် ဖော်ပြခြင်း၊ အမည်မဖော်ဘဲပြောခြင်း စသည်တို့လိုအပ်သည်'' လို့ ဂျိမ်းစကော့ James Scott က သူ့ရဲ့ ၁၉၉၀ ထုတ် Domination and the Art of Resistance : Hidden transcript မှာ ထောက်ပြခဲ့တယ်။ ပြည်သူလူထုရဲ့ နေ့စဉ်နေထိုင်မှုဘဝမှာ သူတို့ရဲ့ ခံစားချက်တွေကို ဖော်ပြဖို့ (ဒါမှမဟုတ်) တရားဝင်ဥပဒေတွင်း လှုပ်ရှားမှုတခုခုကို စည်းရုံးဆောင်ရွက်ဖို့ နေရာမရှိတဲ့အခါ အုပ်စိုးသူတွေအပေါ် အတင်းအဖျင်းပြောဆိုခြင်းတွေဟာ ဖြစ်လေ့ဖြစ်ထရှိတယ်။

သာမန်ပြည်သူလူထုအဖို့ လက်ရှိတည်ရှိနေတဲ့စံတန်ဖိုးတွေကို စိန်ခေါ်ဖို့အတွက် အစားထိုး စံတန်ဖိုးတွေကို ရှာဖွေတဲ့နည်းနဲ့ မိမိတို့ရဲ့ မကျေနပ်ချက်တွေကိုလည်း ဖော်ပြနိုင်တယ်။ အဲ့ဒီလို အစားထိုးစရာတွေကို သမိုင်းဖြစ်ရပ်တွေ၊ ရိုးရာဓလေ့တွေ၊ ဘာသာရေးအဆုံးအမတွေနဲ့ အခြား နေရာပေါင်းစုံကနေ ရနိုင်တယ်။ အဲ့ဒီ ရရှိချက်တွေက သာမန်ပြည်သူလူထုအဖို့ ပိုကောင်းမွန်တဲ့ဘဝကို ရလာနိုင်မယ်လို့ လက်ခံလာစေမယ့် စံတန်ဖိုးတွေ၊ ဆုံးဖြတ်ချက် ခိုင်မာမှုတွေ၊ ယုံကြည်မှုတွေနဲ့ သဘောတရားတွေကို မွေးဖွားပေးနိုင်ခဲ့တယ်။ အဲ့ဒီအခြေအနေမျိုးမှာ တည်ဆဲ လူမှုရေး ဘာသာရေးဝန်းကျင်နဲ့ နေရာဌာနတွေပဲဖြစ်ဖြစ်၊ အရပ်ဖက်လူမှုအစုအဖွဲ့တွေ(ဝါ) အဖွဲ့အစည်းတွေပဲဖြစ်ဖြစ် ခုခံတော်လှန်မှုသဏ္ဍာန်အမျိုးမျိုး ဖွံ့ဖြိုးလာရေးအတွက် အရေးပါပြီး အားကောင်းတဲ့ လူထုလှုပ်ရှားမှုတွေဖြစ်လာဖို့ မောင်းနှင်အားတွေလည်း ဖြစ်တယ်။

ဒုတိယပိုင်း ဆက်လက် ဖော်ပြပါမယ်။

နီနီ



# စစ်မှုထမ်းဥပဒေကြောင့် ဆုံးရှုံးသွားရတဲ့ နိုင်ငံ့လုပ်အားထု

(RFA စကားဝိုင်း)

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်နှင်းနှင်းမွှေး

**မေး**။ ။ စစ်မှုထမ်းဥပဒေကြောင့် ဆုံးရှုံးသွားရတဲ့ နိုင်ငံ့လုပ်အားထုဆိုတာ ဖြစ်နိုင်လား။

**ဖြေ**။ ။ အကြမ်းဖက်စစ်အုပ်စုက ပြဋ္ဌာန်းလိုက်တဲ့ စစ်မှုမထမ်းမနေရဥပဒေဆိုတာ ကျမတို့ရဲ့ နားလည်ချက်အရဆိုရင် ဒီစစ်အုပ်စုဟာ ဘယ်လိုတရားဝင်မှုမျိုးမှမရှိတဲ့သူတွေ ဖြစ်တာကြောင့် ဒီလိုဥပဒေမျိုးကို ပြဋ္ဌာန်းခွင့်မရှိပါဘူး။ ဒါက ပထမဆုံးတချက် ဖြစ်တယ်။ သူတို့ရဲ့တပ်ထဲမှာ စစ်သားရင်းမြစ် လိုအပ်ချက်တွေ အင်မတန်များပြားနေတာကို အတိအလင်း ဝန်ခံလိုက်ရတာလည်း ဖြစ်တယ်။ ဒါက နောက်တချက်ဖြစ်ပါတယ်။ စစ်အုပ်စုကို လက်နက်စွဲကိုင် တော်လှန်နေကြတဲ့ လူငယ်ပိုင်း၊ လူလတ်ပိုင်း မျိုးဆက်ကို ဖိနှိပ်ချင်လို့ ဒီလိုလုပ်တယ်လို့လည်း ကျမတို့ ယူဆပါတယ်။ ဒါက အချက်တခု ဖြစ်တယ်။ နောက်တခုကကျတော့ တိုင်းပြည်ထဲမှာရှိတဲ့ လူငယ်၊လူရွယ် မျိုးဆက်တွေက ပြည်ပကို ထွက်ခွာကြရတာ၊ တချို့ဆိုရင် သတ်သေကြတာ၊ မိသားစုဝင်တွေ သတ်သေကြတာ စသည်ဖြင့် ဒါမျိုးတွေ ဖြစ်လာတယ်။ ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေအားလုံးကို စစ်အုပ်စုက တာဝန်ခံရမှာ ဖြစ်တယ်။

နောက်တချက်အနေနဲ့ ကျမထပ်ပြီး ဖြည့်စွက်ပြောချင်တာကတော့ စစ်အုပ်စုက မဆင်မခြင် ပြဋ္ဌာန်းလိုက်တဲ့ စစ်မှုမထမ်းမနေရဆိုတာကို သူတို့က ဥပဒေလို့ ပြောတယ်၊ ကျမတို့ကတော့ ဥပဒေလို့ မသတ်မှတ်ပါဘူး။ ဒါက ပြည်တွင်းစစ်ဖြစ်နေတဲ့အချိန် ဖြစ်တယ်။ တိုင်းတပါးနဲ့ စစ်ဖြစ်နေတဲ့အချိန် မဟုတ်ဘူး။ အဲ့လိုမျိုး အခြေအနေမျိုးမှာ ဒီလိုမျိုး အမိန့်အာဏာနဲ့ ခိုင်းစေတဲ့ ကိစ္စမှန်သမျှကို ကျမတို့ တော်လှန်ရေးအင်အားစုတွေ၊ နိုင်ငံရေးအင်အားစုတွေနဲ့ ပြည်သူတရပ်လုံးက လက်တွဲပြီးတော့ မတရားတဲ့ အမိန့်အာဏာ ဟူသမျှကို တာဝန်အရဖီဆန်ကြဖို့ လိုတဲ့အချိန်လို့ ပြောချင်ပါတယ်။

**မေး**။ ။ မြို့နယ်ပေါင်း ၁၇၂ မြို့နယ်လောက်မှာ ဆောင်ရွက်နေပြီလို့သိရတယ်။ အဲ့လို ဆောင်ရွက် တဲ့အခါမှာ သူတို့စာရင်းထဲမှာ ပါတဲ့သူတွေက တိုင်းပြည်မှာ ဆိုလို့ရှိရင် အလုပ်လုပ်နိုင်ဆုံးအရွယ်တွေပေ့ါ။ အဲ့ဒီလူတွေက ပြေးကြရတယ်။ ရှောင်တိမ်းကြရတယ်။ အဲ့ဒီ အနေအထားတွေမှာ တိုင်းပြည်ရဲ့ စီးပွားရေး အနေအထားက ကြည့်လိုက်လို့ရှိရင် ဒေါ်လာဈေး ရွှေဈေးတွေက မကြားဘူးတဲ့ဈေးတွေ ဖြစ်သွားတယ်။ ဆိုတော့ အဲဒီအနေအထားတွေနဲ့ ပတ်သက်ပြီးတော့ ပြောပြပေးပါလား။

**ဖြေ**။ ။ ကျမတို့နိုင်ငံမှာ စစ်အုပ်စုက အာဏာယူလိုက်တဲ့အချိန်ကစပြီးတော့ ခုချိန်ထိ သူတို့ ဖြစ်ဖြစ် မြောက်မြောက် လုပ်နိုင်တာဆိုလို့ရှိရင် ကျမတို့အမြင်မှာ ဘာမှမရှိဘူး။ တိုင်းပြည်အုပ်ချုပ်ရေးကိစ္စ၊ သံတမန်ရေးကိစ္စ ကျန်တဲ့ ဘယ်ကိစ္စမှ သူတို့ ဖြစ်ဖြစ်မြောက်မြောက် အောင်အောင်မြင်မြင် မစွမ်းဆောင်နိုင် ဘူး။ သူတို့ အလုပ်နိုင်ဆုံးကိစ္စကတော့ လူထုကို လက်နက်အားကိုးနဲ့ ဖိနှိပ်တဲ့၊ ရက်စက်တဲ့ကိစ္စပဲ ဖြစ် တယ်။ သူတို့က အမြဲတန်း လက်နက်အားကိုးနဲ့ လူထုကို ဖိနှိပ်ခဲ့သူတွေဖြစ်တော့ လက်နက်စွဲကိုင်ပြီး သူတို့ကို တော်လှန်တယ်ဆိုတဲ့ကိစ္စက နိုင်ငံနဲ့အဝှမ်း ဖြစ်လာတဲ့အချိန်မှာ ဒါကို သူတို့ မခံမရပ်နိုင်ဖြစ်ကြ တယ်လို့ မြင်တယ်။ ဒါက တခုပေ့ါ။ အခု လိုက်ပြီးတော့ ပေါ်တာဆွဲတယ်၊ ရပ်ကွက်ထဲမှာ မဲဖောက်ပြီး

တော့ လူငယ်တွေကို စစ်မှုထမ်းဖို့ခေါ်တယ်ဆိုတာ ဘယ်သူမှ မနှစ်မြို့တဲ့ကိစ္စ ဖြစ်ပါတယ်။ ဘာလို့လဲ ဆိုတော့ စစ်အုပ်စုကို ဘယ်သူကမှ လက်မခံနိုင်ဘူး။ အဲတော့ သူတို့အတွက် စစ်တိုက်ပေးရမယ့်အစား တော်လှန်ရေးအုပ်စုတွေထဲ ပြောင်းမယ်။ သို့တည်းမဟုတ် နိုင်ငံခြားကိုထွက်ပြီး အလုပ်လုပ်မယ်ဆိုပြီး ဖြစ်လာတော့ တိုင်းပြည်ထဲမှာ မတည်ငြိမ်မှုဟာ ဒီထက်အများကြီး ဆိုးလာနိုင်စရာပဲ ရှိတယ်။ မနေ့တနေ့ ကဆိုရင် ရွေးကောက်ပွဲကို အပိုင်းလိုက်လုပ်မယ်လို့ ဗိုလ်မင်းအောင်လှိုင်က ပြောတယ်။ ဒီလိုလုပ်ဖို့ဆိုတာ အခြေခံလိုအပ်ချက်အနေနဲ့ သန်းခေါင်စာရင်းလိုတယ်၊ မဲစာရင်းလိုတယ်။ အခု လူငယ်တွေ တော်လှန်ရေး အုပ်စုထဲ ရောက်တဲ့သူတွေ ရှိတယ်။ အကြောင်းအမျိုးမျိုးနဲ့ တိုင်းပြည်ရဲ့ပြင်ပကို ထွက်ခွာတဲ့သူတွေ ရှိတယ်။ အဲလိုအနေအထားမှာ ဘယ်လိုမဲစာရင်းတွေကောက်ပြီး ဘယ်လိုရွေးကောက်ပွဲတွေ လုပ်မလဲ။ ဘယ်လိုမှ လုပ်နိုင်မယ်လို့ ကျမအနေနဲ့ မမြင်မိဘူး။

တိုင်းပြည်ကနဂိုကမှ အနတ်လက္ခဏာ ပြနေတဲ့အချိန်မှာ စစ်အုပ်စုရဲ့ လုပ်ရပ်တွေကြောင့် ပိုပိုဆိုးပြီးတော့ တိုင်းပြည်က ပြိုကျပျက်စီးတဲ့အခြေအနေကို မကြာခင် ဆိုက်ရောက်လိမ့်မယ်လို့ပဲ မြင်မိတယ်။ စစ်အုပ်စုအနေနဲ့လည်း ဒီစစ်မှုထမ်းတဲ့ကိစ္စအတွက် အများကြီးပြင်ဆင်ထားတာ မရှိဘူး ဆိုတဲ့ အချက်ကို ကျမတို့ တွေ့ရတယ်။ စစ်မှုထမ်းဥပဒေကို အတည်ပြုလိုက်ပြီလို့ အမိန့်ထုတ်ပြီးတော့ ကျမ မှတ်မိသလောက်ဆိုရင် စစ်ကောင်စီရဲ့ ပြောခွင့်ဆိုခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက ၇ ခါလောက် ထွက်ရှင်းတယ်။ လူထုက တုံ့ပြန်လိုက် တခါထွက်ရှင်းလိုက်၊ လူထုက တုံ့ပြန်လိုက် တခါထွက်ရှင်းလိုက်နဲ့။ နောက် စစ်သားစုဆောင်းရေး ဗဟိုအဖွဲ့ကလည်း သူတို့ကြေညာပြီးမှ ဖွဲ့ရတယ်။ ပြည်နယ်၊ တိုင်းတွေ နောက်မှ ဖွဲ့ရတယ်။ စသဖြင့် သူတို့မှာ အဆင်သင့်မဖြစ်မှုတွေက အများကြီးဖြစ်တယ်။

ခု ကျမတို့ကြားနေရတဲ့ကိစ္စတွေ အများကြီးရှိတယ်။ နယ်တွေမှာဆို စစ်မှုထမ်းဖို့ မလိုက်ချင်တဲ့ သူတွေအတွက် အရင်တုန်းက မဆလလက်ထက်က ကင်းစောင့်ခဲ့ရသလိုပဲ။ ကိုယ့်အလှည့် ကင်းကျတဲ့ အချိန်မှာ ကင်းမစောင့်နိုင်တဲ့သူက ရပ်ကွက်ထဲက အလုပ်အကိုင်ရှားပါးပြီးတော့ ဆင်းရဲတဲ့သူတွေကို အခကြေးငွေနဲ့ အစားကင်းစောင့်ခိုင်းသလိုမျိုးပဲ လူငှားပြီးထည့်တယ်လို့ သိရတယ်။ ဒီတော့ စစ်အုပ်စုက စုနိုင်တဲ့သူတွေဆိုတာ ဘယ်လိုလူမျိုးတွေဖြစ်မလဲဆိုတာ စဉ်းစားကြည့်ပါ။ ဒါမျိုးတွေကို စစ်သင်တန်း ပေးပြီးတော့ တကယ်ပဲ လက်နက်တွေအပ်ပြီးတော့ တိုက်ခိုက်ခိုင်းရဲမှာလားဆိုတာ စစ်အုပ်စုက စဉ်းစား ရမယ့် ကိစ္စဖြစ်တယ်။ တိုင်းပြည်အတွက် ရှေ့လျှောက် ဒါမျိုးတွေသာ ဆက်ပြီးရှိနေမယ် ဆိုရင်တော့ ပိုပြီးဆိုးဝါးတဲ့အခြေအနေနဲ့ ကြုံလာရဖို့ပဲရှိတယ်လို့ ပြောချင်ပါတယ်။

**မေး**။ ။ နိဂုံးချုပ်အနေနဲ့ ပြောပေးပါ။

**ဖြေ**။ ။ ဒီဥပဒေကို သူတို့ အသက်သွင်းလိုက်တယ်ဆိုတာက သူတို့ရဲ့နိဂုံးကို သူတို့ကိုယ်တိုင် ဖန်တီး လိုက်တာလို့ပဲ ကျမက မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စပြီး အာဏာသိမ်းကတည်းက လူထုက ''လုံးဝ အုပ်ချုပ်ခွင့် မရစေရ၊ ဖက်ဆစ်စစ်တပ် အမြစ်ဖြုတ်၊ ဖိရင် ကွဲမယ်၊ ထိရင် ချမယ်'' ဆိုပြီးတော့ တော်လှန်ရေးကို ဆင်နွှဲခဲ့ကြတာဖြစ်တယ်။ အဲဒီလိုမျိုး စစ်တပ်ကို လက်မခံပါဘူးဆိုတဲ့ ပြည်သူတွေကို လက်နက်ပေးကိုင်ဖို့ကြိုးစားခြင်းဟာ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်တာပဲလို့ ကျမတော့ ပြောချင်တယ်။

■




# ပြည်သူ့ညီလာခံ ပြီးစီးအောင်မြင်တယ်

## ကိုသက်ထွေးနိုင် မေး၍ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ဒေါ်နီးနီးထက်စံ ဖြေသည်

**မေး**။ ။အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)ရဲ့ ဒုတိယအကြိမ် ပြည်သူ့ညီလာခံ ကျင်းပပြီးစီးသွားပြီးနောက် ၂ ရက်အကြာမှာ သတင်းစာရှင်းလင်းပွဲ လုပ်ပါတယ်။ အဲ့ဒီမှာ တော်တော်လေး အချေအတင် ဖြစ်တယ်လို့ သိရပါတယ်။ ထူးခြားတာက ညီလာခံနောက်ဆုံးနေ့မှာ CRPH က ဆက်ပြီး မတက်ရောက်နိုင်တော့ဘူးလို့ စာတင်ပြီး မတက်တော့ဘူးဆိုတာ သိရတယ်။ အဲ့ဒီစာလည်း အချက်အလက် တွေနဲ့ ထွက်လာတယ်။ အဲ့ဒီတော့ နွေဦးတော်လှန်ရေးအတွက် အမြင့်ဆုံးအာဏာပိုင်လို့ ပြောနိုင်မယ့် ဒီညီလာခံကြီးကနေ CRPH ဆက်ပြီးတော့ အဆုံးထိ မတက်တော့တဲ့အပေါ်မှာ နိုင်ငံရေးပါတီကိုယ်စားပြုတဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ ကိုယ်စားလှယ်အနေနဲ့ ဒီညီလာခံကို တက်ရောက်ခဲ့တဲ့ မနီးနီးထက်စံရဲ့ သဘောထားကို သိလိုပါတယ်။

**ဖြေ**။ ။ ပထမဆုံးကပေ့ါလေ ၇ ရက်နေ့ကပေ့ါ၊ ၉ ရက်နေ့ကို တရက်ထပ်တိုးဖို့အတွက် ညီလာခံကိုယ်စား လှယ်တွေ ဆွေးနွေးကြတယ်။ စစချင်းတော့ CRPH က သူတို့မှာ အလုပ်ရှိတယ်လို့ပြောတော့ ဒါဆိုရင် အားတဲ့အချိန်၊ အချိန်ရတဲ့အချိန်ကို ရွေးကြတာပေ့ါဆိုပြီး ၉ရက်နေ့ကို ရွှေ့လိုက်တာဖြစ်တယ်။ ရွှေ့လိုက်တော့ CRPHကလည်း သဘောတူခဲ့တယ်။ သဘောတူတဲ့အတွက် အဲ့နေ့ကို ညီလာခံနောက်တရက် တိုးလုပ်ဖို့ သဘောတူခဲ့ကြတာ ဖြစ်တယ်။

ဒါပေမဲ့ နောက်ရက်မှာ ကျမလည်း ကိုယ်စားလှယ်ဖြစ်တော့ တက်ရောက်တဲ့အချိန်မှာ အဖွဲ့အစည်း အသီးသီးကို မတက်ရောက်ပါကြောင်း ဆိုတဲ့စာကို ကျမတို့ပါတီကလည်း လက်ခံရရှိတဲ့အခါကျတော့ ဒါက ဘယ်လိုဖြစ်တာလဲပေါ့။ ရက်ခြားပြီး ရွှေ့လိုက်ရတဲ့သဘောသည် CRPH က တက်ရောက်နိုင်တဲ့ အချိန်ကို စဉ်းစားပြီး ရက်ရွှေ့လိုက်တာဖြစ်တယ်။ အဲ့အချိန်မှာ သူတို့က မတက်ရောက်နိုင်တော့ဘူး ဆိုတော့လည်း သူတို့အဖွဲ့အစည်းရဲ့ သဘောထားဖြစ်တယ်လို့ ကျမတို့က အဲ့လိုပဲ ယူဆတယ်။ ဒါပေမဲ့ တဖွဲ့တစည်းက မတက်ရောက်တာကို ညီလာခံ ဆက်လုပ်မလား၊ မလုပ်ဘူးလားဆိုတာ ညီလာခံ တက်ရောက်သူ လူဦးရေ၊ ညီလာခံ ဖြစ်မြောက်နိုင်ဖို့ အခြေအနေ ရှိ၊မရှိ ဆိုတာတော့ ကြည့်ရတာပေါ့လေ။ ညီလာခံက ဖြစ်မြောက်နိုင်တဲ့ တက်ရောက်သူလူဦးရေ၊ နောက်ပြီးတော့ ဖြစ်မြောက်နိုင်တဲ့အတွက် သဘာပတိရဲ့ လမ်းညွှန်ချက်နဲ့အတူ ပြန်ပြီး ရှေ့ဆက်ရတာပဲ။ ဘာကြောင့်လဲဆိုလို့ရှိရင် ညီလာခံဆိုတာ ပထမဆုံးတခုက ညီလာခံကနေ လူထုကိုချပြပြီးတော့ အစီရင်ခံရတာကိုး။ ဒုတိယတခုက အဲ့ဒီ အစီရင်ခံစာ ပေါ်မှာ အားသာချက်၊ အားနည်းချက် ပြောကြမယ်။ လိုအပ်တဲ့ အားနည်းချက်တွေ ပြုပြင်ကြမယ်ပေါ့။ နောက်တချက်က အဲ့ကနေ ရလဒ်ကောင်းတွေ ထွက်လာပြီးတော့ ဘာတွေဆက်ပြီးလုပ်စရာရှိလဲ၊ ဘာတွေဆက်ပြီး ပြင်စရာရှိလဲဆိုတာ ညီလာခံရဲ့အဓိကအချက်ဖြစ်တယ်။ အဲ့ဒါ မပြီးမြောက်သေးတဲ့ အတွက် တရက်ဆက်သယ်ဖို့ လက်ခံကြတာဖြစ်ပြီး ညီလာခံကို နောက်ရက်မှာဆက်သယ်ကြဖို့ လက်ခံတဲ့ အထဲမှာ CRPH ပါပါတယ်။ နောက်ပိုင်း စာထွက်လာတဲ့ ကိစ္စကတော့ ကျမတို့တော့ မသိဘူးပေါ့နော်။ စာအရပဲ ကျမတို့ သိရတာပါ။

**မေး**။ ။ အဲ့ဒီတော့ နဂိုက လက်ခံခဲ့တဲ့အပေါ် အတွင်းမှာ၊ ကိုယ်စားလှယ်တွေကြားမှာ တခုခု ပြန်ဖြေ ရှင်းတာမျိုး ရှိလား။

**ဖြေ**။ ။ အဲ့ဒါတော့ ပြန်ဖြေရှင်းတာ မရှိပါဘူး။ သူတို့ပို့လိုက်တဲ့စာက မတက်ရောက်နိုင်ဘူးဆိုတဲ့သဘော ဖြစ်တာကိုး။ အဲ့တော့ ညီလာခံကတော့ တက်ရောက်တဲ့ လူဦးရေနဲ့ သဘာပတိ လမ်းညွှန်ချက်နဲ့ ဆက်ရမယ့် တာဝန် ရှိတယ်လေ။ ညီလာခံဖြစ်မြောက်ရေးကော်မတီရဲ့ ကြိုးစားအားထုတ်မှုဖြစ်တယ်။

**မေး**။ ။ ဒီညီလာခံနဲ့ ပတ်သက်လို့ သတင်းထောက်တွေပါ ဖိတ်ကြားပြီး သတင်းစာရှင်းလင်းပွဲ လုပ်တဲ့ အခါကျတော့ CRPH ကိုယ်စားလှယ်က ဒီညီလာခံဟာ မအောင်မြင်ဘူးဆိုတာကို ဝန်ခံဖို့လိုတယ်ဆိုတာ ပြောသွားပါတယ်။ တော်တော်လည်း ထူးခြားပါတယ်။ ကိုယ်လုပ်ခဲ့တဲ့၊ ကိုယ်ပါဝင်ခဲ့တဲ့ ညီလာခံကြီးကို မအောင်မြင်ဘူး ပြောရမယ်ဆိုတော့ အားလုံးကလည်း တော်တော်လေး အံ့သွားတယ်။ အဲ့ဒီအပေါ်မှာရော မနိုးနိုးထက်စံက ကိုယ်စားလှယ်တဦးအနေနဲ့ ဘယ်လိုနားလည်လဲဗျ။ မအောင်မြင်ဘူးဆိုတာကို လက်ခံနိုင်လား။

**ဖြေ**။ ။ အဲ့ဒါက ကျမက ကိုယ်စားလှယ်လည်းတဦးလည်း ဖြစ်သလို၊ နိုင်ငံရေးအရ တာဝန်ယူမှု၊ တာဝန်ခံမှုအရ ဒီရှုထောင့်က ဖြေကြည့်ချင်ပါတယ်။ အဲ့ဒါ ဘာလဲဆိုတော့ ဒီညီလာခံ ဖြစ်မြောက်သွားတယ်၊ မဖြစ်မြောက်ဘူးဆိုတာ ခုန ကျမပြောသလို ညီလာခံကိုယ်စားလှယ်တွေရဲ့ ညီလာခံ တက်ရောက်မှုရာခိုင်နှုန်း နောက်ပြီးတော့ သဘာပတိလမ်းညွှန်ချက်နဲ့ ဆက်လုပ်တဲ့ ကိစ္စကို ဘယ်အဖွဲ့အစည်းကမှ ဖြစ်မြောက်တယ်၊

မဖြစ်မြောက်ဘူးလို့ သုံးသပ်လို့ မရဘူး။ ညီလာခံ ပြီးသွားတာနဲ့ ရလဒ်ကောင်းတွေ ထွက်လာပြီ။ ပြီးတော့ ကျမတို့ ဆက်ပြီးလုပ်ရမယ့် အလုပ်တွေရှိတယ်။ အဲ့ဒီအလုပ်တွေကို တာဝန်မခံချင်ဘူး ဆိုရင်တော့ ဒါ မဖြစ်မြောက်ဘူး ပြောလို့ရတာပေါ့။ ဒီအလုပ်တွေကို တာဝန်ခံမယ်ဆိုရင်တော့ ဒါဖြစ်မြောက်တယ်လို့ ပြောလို့ရတယ်။ ထိုနည်းလည်းကောင်းပဲ ဖြစ်မြောက်တယ်၊ မဖြစ်မြောက်ဘူးဆိုတာ နောက်ဆုံးနေ့က ဆွေးနွေးကြတဲ့ ကိုယ်စားလှယ်တွေ၊ သဘာပတိတွေ အချက်အလက်တွေ ထွက်လာအောင် အားစိုက်ခဲ့တဲ့ သူတွေကို ပစ်ပယ်လိုက်တာနဲ့ တူတယ်လို့ ကျမကတော့ အဲ့လိုပဲ ယူဆပါတယ်။ ဒါကြောင့်မို့ ဒီညီလာခံက ကိုယ်စားလှယ်တဦးအနေနဲ့ ပြောမယ်ဆိုရင် ညီလာခံက အောင်မြင်တယ်။ မအောင်မြင်ဘူးလို့ ပြောခဲ့တဲ့ တစုတဖွဲ့ရဲ့ ကိစ္စက သူတို့ကိစ္စပဲ။ တစုတဖွဲ့ထွက်သွားတာနဲ့၊ ညီလာခံဆက်မတက်တာနဲ့ ညီလာခံမဖြစ်ဘူးလို့ ပြောခွင့်ကိုမရှိတာ။ ဒါမဖြစ်မြောက်ဘူးလို့ ပြောတဲ့အခါ ဒါ အရေးတောင် ယူရဦးမှာဖြစ်တယ်။ အဲ့တော့ NUCC ထဲမှာ ကိုယ်က တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်လုပ်ရမယ့်အစား ညီလာခံက ထွက်သွားတာ၊ ထွက်သွားတာ မဟုတ်ဘူး ဆက်မတက်တော့တာပေါ့လေ။ ဆက်မတက်တော့တဲ့အတွက် ကိုယ်က တာဝန်ယူမှု၊ တာဝန်ခံမှု ဆက်ကိုလုပ်ရမယ်။

**မေး**။ ။ CRPH က သူတို့ ဆက်မတက်နိုင်တော့တဲ့အကြောင်း ၅ ချက်ထဲမှာ ဆွေးနွေးပြီးသားတွေ ပြန်ဆွေးနွေးတယ်။ သဘာပတိက မှတ်တမ်းတင်ပြီးသားကို ပြန်ပြီးတော့ ယူလာတယ်။ ဒီအချက်တွေ ပါသလို တချို့ကိုယ်စားလှယ်တွေဆိုလည်း တော်တော်လေး စည်းဘောင်တစ်ဖက်နင်း စည်းကမ်းနဲ့မညီ ပြောတာဆိုတာတွေ့ပါတယ် ပေါ့နော်။ ဒါတွေ တကယ်ပဲ ဖြစ်ခဲ့တာလား၊ အဲ့ဒါတွေကရော တကယ် လက်မခံနိုင်စရာ အချက်လို့ ပြောလို့ရသလား။

**ဖြေ**။ ။ ညီလာခံဆိုတာက အရာအားလုံးကို Review လုပ်ရတာ။ Review လုပ်တဲ့အခါမှာ ပြင်ရတဲ့ဟာတွေ ရှိမယ်၊ ဆက်ပြီး ထိန်းရမယ့်ဟာတွေ ရှိမယ်။ အဲ့လိုကိစ္စမျိုးကို ဆွေးနွေးတဲ့အခါမှာ ဆွေးနွေးကြရင်းနဲ့ တဦးနဲ့တဦး၊ တဖွဲ့နဲ့တဖွဲ့ ဒါမှမဟုတ် အတွေးအခေါ်အရ Crush ဖြစ်နိုင်တာပဲ။ ဖြစ်နိုင်တဲ့အခါ Emotionတွေ ထွက်လာမယ်။ Emotion တွေ ထွက်လာအခါမှာ အဓိကက ပြေလည်ဖို့ပဲ လိုတယ်။ Emotionတွေ ထွက်လာတာကို ကိုင်တွယ်နိုင်ပြီးတော့ ဖြေရှင်းနိုင်ဖို့ပဲ လိုတာပါ။ ညီလာခံမှာ ဒါကို ရှင်းနိုင်ခဲ့တဲ့အတွက် အချက်အလက်တွေ ရရှိခဲ့တာပေါ့။ ဘယ်အချက်ကိုတော့ ဆွေးနွေးပြီး သဘောတူထားတဲ့အတွက် ဆွေးနွေးလို့မရဘူး ဆိုတာမျိုးကို သယ်လာလို့မရဘူး။ ညီလာခံဆိုတာ လွတ်လွတ်လပ်လပ် ကိုယ်စားလှယ်တွေမှာ ဆွေးနွေးခွင့်ရှိတယ်။ ဘယ်အချက်ကို မဆွေးနွေးနဲ့၊ ဘယ်အချက်ကို ဆွေးနွေးလို့ ပိတ်ပင်ခွင့်မရှိဘူး။ ပိတ်ပင်လို့ မရဘူး။ ဒါ ဒီမိုကရေစီ သဘောတရားနဲ့ ဆန့်ကျင်တဲ့ကိစ္စ ဖြစ်တယ်။ နောက်ပြီးတော့ CRPH ရဲ့ ထုတ်ပြန်ချက် အကုန်လုံးရဲ့ အချက်အလက်တွေနဲ့ ပတ်သတ်ပြီးတော့ အဲ့ဒီရဲ့နောက်ကွယ်က စဉ်းစားချက်က ဘာလဲဆိုတာ ကျမတို့မသိဘူး။ အဲ့ဒါတော့ သူတို့လည်း ရှင်းပြထားပြီ ဆိုတော့လေ။ ဒါပေမဲ့ အဲ့အချက်အလက်တွေက နောက်ကွယ်ရဲ့ အခြေခံကို ကျမတို့ မသိတဲ့အတွက် အဲ့အနေအထားအရ ပြောနေဆိုနေတဲ့ဟာ ထိန်းကျောင်းရမယ့် အဲ့ ၅ ချက်လုံးမှာ တကယ်ဖြစ်တယ်ဆိုရင် ထိန်းကျောင်းရမယ့်တာဝန်က CRPH မှာ ရှိတယ်။ အဲ့တော့ သူကိုယ်တိုင် မထိန်းကျောင်းနိုင်လို့ ထွက်သွားတယ်လို့ ကျမက အဲ့လို သဘောပေါက်တယ်လေ။

**မေး**။ ။ နောက် ၆ လကျရင် ညီလာခံထပ်လုပ်ဖို့ ဆိုပြီးတော့ ကြေငြာချက်ထဲမှာ တွေ့ပါတယ်။ သူတို့ သဘောတူတယ်ပေါ့။ အဲ့ကျရင် ဘယ်လိုမျှော်လင့်ထားလဲဗျ။ CRPH အနေနဲ့ တက်ရောက်ဖို့ရှိလား။ ဒါမှမဟုတ် CRPH သည် NUCC ကနေ လမ်းခွဲပြီးတော့ ပွင့်ပွင့်လင်းလင်း ပြောကြရအောင်။ တဖက်မှာလည်း NUG က တိုင်းရင်းသား K3C နဲ့ ဘုံသဘောတူချက်တွေ ရှိထားပြီ၊ မဟာမိတ်ပုံစံ သွားနေပြီဆိုတော့ အဲ့လိုမျိုးများ ဖြစ်နိုင်လာမလား၊ NUCC ကို သူတို့ ထားခဲ့တော့မလား။ စသည်ဖြင့် ဒီလိုမျိုး တွက်ဆမှုတွေ ရှိနေတာကိုး။ အဲ့တော့ မေးချင်တဲ့မေးခွန်းက နောက် ၆ လမှာ CRPH တက်နိုင်လား၊ ဒါမှမဟုတ် လမ်းခွဲသွားမလား၊ အဲ့အပေါ်မှာ ဘယ်လိုမျိုး တွက်ဆထားပါသလဲ။

**ဖြေ**။ ။ ကျမရဲ့ အမြင်အရကတော့လေ လမ်းခွဲမလား၊ မခွဲလား၊ ဘာတို့ကျတော့ မသိဘူးပေါ့နော်။ CRPH လည်း မဟုတ်ဘူးလေ။ ဒါပေမဲ့ ညီလာခံပြီးမြောက်ပြီးလို့ ပြောကြတဲ့အခါမှာ NUCC ထဲမှာက ပြုပြင်လုပ်ကိုင်ရမယ့်ဟာ ရှိသေးတယ်လို့ CRPH က ပြောသွားတဲ့အတွက် NUCC ထဲမှာ ဆက်ရှိနေမယ့် သဘောထားလို့ နားလည်ပါတယ်။ တပြိုင်နက်တည်းမှာပဲ လာမယ့်ညီလာခံကျရင်တော့ ပိုကောင်းအောင် လုပ်ဖို့ တာဝန်က NUCC ထဲမှာ ပါဝင်နေတဲ့ အဖွဲ့ဝင် အဖွဲ့အစည်းတွေအားလုံးမှာ တာဝန်ရှိသလို CRPH ကလည်း NUCC ထဲက အဖွဲ့ဝင်တဖွဲ့ ဖြစ်တဲ့အတွက် သူတို့မှာလည်း တာဝန်ရှိပါတယ်။ အဲ့ဒီတော့ လာမယ့်ညီလာခံမှာ CRPH ဆက်တက်မှာလား၊ မတက်ဘူးလားဆိုတာ CRPH နဲ့ပဲ ဆိုင်ပါတယ်။ NUCC မှာ အကောင်းဆုံးက အားလုံးက အတူတူ ဝိုင်းတွန်းကြမယ်။ ဆွေးနွေးစရာရှိတာလည်း ဆွေးနွေးမယ်။ တခါတလေကျရင် ကျမတို့လွှတ်လပ်တဲ့ဆွေးနွေးမှုမှာ ဘာတွေရှိနိုင်မလဲဆိုရင် Emotion တွေ ရှိနိုင်တယ်။ ဒါက အဓိကပြဿနာမဟုတ်ဘူး၊ အဖြေရှာနိုင်ဖို့က အဓိကအချက်လို့ ကျမတို့ ယူဆတယ်။ အဲ့ဒီ ပွတ်တိုက်မှုတွေကို ဆုံးဖြတ်ချက် ချက်ချင်းချရင်တော့ အခက်အခဲရှိတာပေါ့။ ဒါကတော့ တဖွဲ့ချင်းစီရဲ့ကိစ္စ ဖြစ်တဲ့အတွက် ကျမ ဒီလောက်ပဲ ဖြေနိုင်ပါတယ်။

**မေး**။ ။ အဲ့ဒီမှာ နောက်ထပ်မေးစရာရှိတာက NUCC က ရှေ့ဆက်မတိုးနိုင်ဘူး။ အဲ့ဒါ ဘာလဲဆိုတော့ အားလုံးသဘောတူမှ ဆုံးဖြတ်ချက်ချလို့ရတယ်ဆိုတဲ့ full consensus ကိစ္စပေါ့။ အဲ့ဒီမှာ ထပ်ပြီး ထောက်ပြကြတာက NUCC မှာ တချို့အဖွဲ့တွေက CDM ရှိတယ်။ သပိတ်အဖွဲ့တွေ ရှိတယ်။ CSO တွေ ရှိတယ်။ NGO တွေ ရှိတယ်။ ဒီအဖွဲ့တွေကလည်း နိုင်ငံရေးအဖွဲ့အစည်းတွေအနေနဲ့ ရပ်တည်တာ မဟုတ်ပေမယ့် ဒီအထဲမှာပါနေတယ်။ တချို့အဖွဲ့တွေဆိုလည်း တော်တော်ကို လူနည်းနည်းနဲ့ ဖွဲ့စည်းထားတာပေါ့နော်။ ဆိုတော့ ဆုံးဖြတ်ချက်တခုချဖို့ ဒီအဖွဲ့က သဘောမတူဘူးဆိုရင် ရှေ့ဆက်လို့ မရတော့ဘူးပေါ့နော်။ ဒါဆိုရင် တချို့နိုင်ငံရေး အင်အားစုတွေက ဆုံးဖြတ်ထားတဲ့ မူတွေပေါ်လစီတွေ အတွက် ရှေ့ဆက်ဖို့ အခက်အခဲဖြစ်နိုင်တယ်။ ဒါတွေကို ပြင်သင့်တယ်။ အဲ့လိုမျိုး ဝေဖန်မှုတွေလည်း အပြင်မှာ တော်တော်များများထွက်ပါတယ်။ ဒါကလည်း စဉ်းစားမယ်ဆို တကယ့်လက်တွေ့ကျတဲ့ အနေအထားလို့ ယူဆနိုင်တာပေါ့နော်။ အဲ့ဒီအပေါ်မှာရော မနီးနီးထက်စံ လက်ခံလား၊ ဘယ်လို သဘောထားမျိုး ပေးချင်လဲ။

**ဖြေ**။ ။ ဒီနေရာမှာကတော့ ကျမ ခပ်တိုတိုပြောချင်တာက ဘာလဲဆိုတော့ CSOတို့၊ အမျိုးသမီးအဖွဲ့တို့၊ သပိတ်အင်အားစုတို့ နိုင်ငံရေးပါတီတို့ ERO တွေကြောင့်မို့လို့ full consensus နဲ့ အကန့်အသတ်

ဖြစ်ပြီးတော့မှ ဆုံးဖြတ်ချက် ကြွကြာတဲ့ကိစ္စမျိုး တခါမှ မဖြစ်ခဲ့ပါဘူး။ ဘာလို့မဖြစ်ခဲ့ဘူး ပြောလဲဆိုတော့ ကျမတို့က ပထမအကြိမ်ညီလာခံအပြီးမှာမှ အဖွဲ့ဝင်ဖြစ်လာတာဖြစ်တယ်၊ အဲ့ကာလအတွင်း တောက်လျှောက်မှာ ကျမ တွေ့လာရတာက အဲ့လိုမရှိခဲ့ပါဘူး။ full consensus ဆိုတာကတော့ နိုင်ငံရေး အစုအဖွဲ့တွေ စုဆုံပြီးတော့ အလုပ်လုပ်ကြတဲ့အခါမှာ ရှေ့ကို မြန်မြန်တိုးဖို့အတွက် အခက်အခဲ အကန့်အသတ်ကြီးတာတော့ အမှန်ပဲ။ ဒါကြောင့်မို့ full consensus ထက် sufficient consensus ဆိုရင် ပိုပြီးတော့မှ လက်တွေ့ကျကျ ရှေ့တိုးနိုင်မယ့် အခြေအနေရှိတယ်လို့ ကျမတော့ စဉ်းစားမိတယ်။ ထိုနည်းလည်းကောင်း တခြားအဖွဲ့အစည်းတွေ တော်တော်များများမှာ အဲ့ဒီစဉ်းစားချက် ရှိပါတယ်။

**မေး**။ ။ အခုအပြင်မှာ ဝေဖန်တာတွေ ကျနော်ကြားနေရတာ သိနေရတာက သပိတ်ကော်မတီတွေ၊ CSO တွေ စသည်ဖြင့်ပေါ့ အင်အားစုတွေက ကန့်ကွက်လိုက်ရင် ရှေ့ဆက်လို့မရဘူးပဲ နားလည်တာ။ အခု မနိုးနိုးထက်စံ ပြောပြတာ တမျိုးဖြစ်နေတယ်။ အဲ့ဒီအပေါ်မှာ အသေးစိတ် ထပ်ရှင်းပြလို့ ရနိုင်မလား၊ ရှင်းပြလို့ ရသလောက်ပေါ့။

**ဖြေ**။ ။ ကိုသက်ထွေးနိုင် သိထားတဲ့အချက်က ပြောင်းပြန်ဖြစ်နေပါတယ်။ တကယ်တော့ CSO တွေ၊ သပိတ်အင်အားစုတွေ၊ ERO တွေ၊ နိုင်ငံရေးပါတီတွေက ကန့်ကွက်လို့ full consensus က အကန့်အသတ် ဖြစ်ခဲ့တယ်ဆိုတာ တခါမှ မရှိခဲ့ပါဘူး။ ကိုယ်စားပြုမှုဆိုတာလေး ဒီမှာထည့်ပြီး ဆွေးနွေးချင်တယ်။ ကိုယ်စားပြုမှုက သူ့ရဲ့သက်ဆိုင်ရာအဖွဲ့အစည်းမှာ လူအင်အားနည်းတာ၊ များတာနဲ့မဆိုင်ဘူး။ ဒီအဖွဲ့အစည်းတွေကို လက်ခံထားပြီးပြီဆိုရင် သူ့ရဲ့ကိုယ်စားပြုမှုတရပ်ကိုလည်း ကျမတို့ အသိအမှတ်ပြု လက်ခံ ဆွေးနွေးပေးရမှာ ဖြစ်ပါတယ်။

**မေး**။ ။ နောက်ထပ်မေးချင်တာက ပြည်သူ့ညီလာခံမှာ အခုဖြစ်သွားတဲ့ အခြေအနေနဲ့ ပတ်သက်ပြီးတော့ နောင်လာမယ့် ပြည်သူ့ညီလာခံမှာ ဒါမျိုးမဖြစ်ရအောင် အကောင်းဆုံးဖြေရှင်းနိုင်မယ့် အကြံပေးချက် နည်းလမ်းလေးတွေ ဘာများရှိနိုင်မလဲဗျ။

**ဖြေ**။ ။ ပထမဆုံးကတော့လေ ကျမတို့က တခါတလေကျလို့ရှိရင် အရမ်း ဗျူရိုကရက်ဆန်ဆန် စဉ်းစားလို့ မရဘူးပေါ့နော်။ ညီလာခံဆိုတာ တကယ့်အမြင့်ဆုံးအာဏာပိုင် စုပေါင်းပြီး ဆွေးနွေးကြရတဲ့နေရာ ဖြစ်တဲ့အတွက် ဗျူရိုကရက်ဆန်ဆန် အရမ်းလုပ်လို့မရပါဘူး။ ကျမတို့ သတိထားရမယ့် အချက်တွေက အားလုံးက အပြည့်အဝ တက်ရောက်နိုင်ဖို့ ညီလာခံ အချိန်ကာလက တခါတလေကျရင် လိုအပ်ချက်အရ တိုးမြှင့်ရတဲ့ ကိစ္စတွေ ရှိနိုင်တယ်ဆိုတာ ထည့်သွင်းစဉ်းစားဖို့ ဆိုတော့ ၂ နှစ်လာလည်း ၂ ရက်ပဲ၊ ၃ နှစ်လာလည်း ၂ ရက်ပဲ၊ ၃ ရက်ပဲ။ ဒီလို စဉ်းစားလို့ မရဘူးပေါ့။ သူ့ရဲ့ နှစ်အရ လုပ်ရမယ့်ဟာတွေ၊ ပြောရဆိုရမယ့်ဟာတွေ ထိတွေ့ရမယ့်ဟာတွေ၊ ပြန်ပြီးတော့ ဖြေကြားရမယ့်ဟာတွေ အများကြီးရှိတယ်ဆိုတော့ အဲ့ဒါတွေကို ကျမတို့ သတိထားပြင်ဆင်ဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ အကြံပြုသွားမှာလည်း ဖြစ်ပါတယ်။

**မေး**။ ။ နောက်ဆုံးအနေနဲ့ပေါ့ မနိုးနိုးထက်စံက သတင်းစာရှင်းလင်းပွဲမှာ မပါလိုက်ဘူး၊ အဲ့မှာတော့

အခု ညီလာခံမှာဖြစ်တဲ့ အခြေအတင်တွေကြောင့် ကိုယ်စားလှယ်တွေ၊ တာဝန်ရှိတဲ့သူတွေကတော့ လူထုကို တောင်းပန်သွားတာ တွေ့ရပါတယ်။ အဲ့တော့ မနိုးနိုးထက်စံကလည်း လူထုအတွက် ဒီနေရာကနေ အခုညီလာခံဖြစ်ခဲ့တဲ့ အခြေအနေနဲ့ ပတ်သက်ပြီး ဘာများပြောလိုသလဲ လူထုအတွက်ကို။

**ဖြေ**။ ။ ညီလာခံဖြစ်ပြီးတဲ့နောက်မှာ လူထုရဲ့ အမြင်သဘောထားတွေ တော်တော်လေး ထုတ်ပြန်လာတာ မြင်ရတယ်။ အထူးသဖြင့်ကတော့ ဆိုရှယ်မီဒီယာမှာ အများကြီး ပြောထား ဆိုထားတာတွေ တွေ့ရပါတယ်။ အဲ့နေရာမှာ နားလည်မှု မလွဲစေချင်တာလည်း ရှိတယ်။ ပထမဆုံးကတော့ ညီလာခံကို ဖြစ်ဖြစ်မြောက်မြောက် လုပ်သွားပြီးတဲ့အချိန်မှာ ထွက်ပေါ်လာတဲ့အချက်တွေကို ကျမတို့ ရှေ့ဆက်ပြီးတော့ NUCC ထဲမှာ သယ်သွားမယ်။ သေချာ ဆွေးနွေးသွားမယ်။ နောက်ပြီးတော့ အစုအဖွဲ့ အင်အားကြီးကြီး စုဖွဲ့ထားပြီးတော့ အလုပ်တူတူလုပ်ကြတဲ့အခါမှာ ဘယ်အဖွဲ့က ပိုများလို့ ပိုဆုံးဖြတ်ခွင့်ရှိတယ်ဆိုတာ မရှိပါဘူး။ နိုင်ငံရေးမှာ ကိုယ်စားပြုမှုတွေက တဖွဲ့ချင်းသာလာပြီး စုပေါင်းထားတာဖြစ်တယ်။ အဲ့မှာ လူအင်အားများတဲ့အဖွဲ့တွေလည်း ရှိနိုင်တယ်။ လူအင်အားနည်းတဲ့အဖွဲ့တွေလည်း ရှိနိုင်တယ်။ လက်နက်ကိုင် အဖွဲ့အစည်းတွေလည်း ရှိနိုင်တယ်။ လက်နက်မကိုင်တဲ့ အဖွဲ့အစည်းတွေလည်း ရှိနိုင်တယ်။ အဲ့လိုမျိုး အဖွဲ့အစည်းတွေကြားထဲမှာ အရင်ဆုံး စုဖွဲ့ထားပြီး အများဆုံးစုဖွဲ့ထားတဲ့ NUCC ထဲမှာ အလုပ်ကို အတူတူ ဒီထက်ပိုပြီးကောင်းအောင်၊ စည်းလုံးအောင်၊ ညီညွတ်အောင်၊ လုပ်ကြဖို့ပဲ။ ဒါက ဘာအတွက်လဲဆိုတော့ တိုက်ပွဲနိုင်ဖို့ဖြစ်တယ်။

နိုင်ငံရေးမှာ အရေးကြီးဆုံးက မူဝါဒဖြစ်တယ်။ မူဝါဒမရှိဘဲနဲ့ လက်တန်းလုပ်တဲ့ ကိစ္စမျိုးတွေ ရှိလာရင် ကြားနေရတဲ့ ပကဖ၊ ပအဖတွေ လုပ်သလိုမျိုးပဲ ဖြစ်လာလိမ့်မယ်။ အဲ့တော့ မူဝါဒနဲ့ ထိမ်းကျောင်းရတယ်။ အဲ့ဒါနဲ့ ဖော်ဆောင်ရတယ်။ အဲ့တော့ အတိုက်အခံတွေ ဖြစ်နိုင်တယ်။ အခက်အခဲတွေ ဖြစ်နိုင်တယ်။ ဘာကြောင့်လဲ ဆိုတော့ ရှုထောင့်မတူဘူး။ တဖွဲ့ချင်းစီရဲ့ နောက်ခံပုံစံမတူသလို ဖော်ပြတဲ့ ရှုထောင့်ချင်း မတူတဲ့အခါကျတော့ အဲ့လို ဆုံပြီးတော့မှ ရှုထောင့်စုံက ဆုံးဖြတ်လာနိုင်တယ်ဆိုရင် ပိုကောင်းတယ်၊ ပိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ ကောင်းတယ်လို့ ကျမတို့ ယူဆတယ်။ လူထုကို ကျမတို့ အသိပေးချင်တာက အဲ့လိုဖြစ်တဲ့ဟာမျိုး နည်းနည်းလေး ကျဲပါးလာလို့ရှိရင် အဲ့ဒါကို တွန်းအားပြန်ပေးပါ။ အားလုံးက စုဖို့လိုတယ်လို့ ဒီတွန်းအားမျိုးက ပိုပြီး ထိရောက်တယ်လို့ ကျမယူဆတယ်။ တချို့ကတော့ အဲ့လိုမျိုး မဟုတ်ဘဲနဲ့ ကွဲပြဲသွားတာမျိုးကို လိုလားတယ်။ ရန်သူ့စဉ်းစားချက်ဆို ကွဲလေ ကောင်းလေပဲလေ။ မစေ့လေ ကောင်းလေပဲ။ လူတွေရဲ့ Nature အရ ရှုထောင့်မတူဘူး။ ဆွေးနွေးကြတာကို လက်ခံတတ်ဖို့က အရေးကြီးတယ်လို့ လူထုကို အသိပေးချင်ပါတယ်။ ကျမတို့ ကိုယ်တိုင်ကလည်း NUCCထဲမှာ အတတ်နိုင်ဆုံး ပါဝင်ပြီးတော့ ညှိနှိုင်းဆောင်ရွက်မှုတွေ အမြဲတန်း လုပ်ပါတယ်ဆိုတာ အသိပေးချင်ပါတယ်။

■

## ကြို့ပင်ကောက်မြို့နယ်လုံးဆိုင်ရာကျောင်းသားများသမဂ္ဂ၊ လူ့ဘောင်သစ်လူငယ်နှင့် အထကကြို့ပင်ကောက်ကျောင်းသားများသမဂ္ဂတို့မှ ပိုစတာများချိတ်ဆွဲ၍စစ်အာဏာရှင်အမြစ်ဖြုတ်ရေး လှုပ်ရှားမှုပြုလုပ်

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့က ကြို့ပင်ကောက်မြို့နယ်လုံးဆိုင်ရာကျောင်းသားများသမဂ္ဂနှင့် လူ့ဘောင်သစ်လူငယ်တို့ ပူးပေါင်း၍ စစ်အာဏာရှင်စနစ် အမြစ်ဖြုတ်ရေး၊ မတရားသောစစ်မှုထမ်းဥပဒေအား ဆန့်ကျင်ရေးအတွက် ပိုစတာများအသုံးပြု၍ အာဏာဖီဆန်ရန် လှုံ့ဆော်ဆန္ဒပြခဲ့ကြပါသည်။




## လူ့ဘောင်သစ်လူငယ်နဲ့မဟာမိတ်များက ရန်ကုန်တွင် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးလှုံ့ဆော်

၂၀၂၄ ခုနှစ်၊ ဧပြီ လ ၁၃ ရက်၊ သင်္ကြန်အကြိုနေ့တွင် လူ့ဘောင်သစ်လူငယ်နှင့် မဟာမိတ်များ ပူးပေါင်းပြီး ရန်ကုန်မြို့တွင် မုန့်လုံးရေပေါ်များ ဝေခဲ့ပြီး စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးလှုပ်ရှားမှု ပြုလုပ်ခဲ့ပါသည်။

ဒီလှုပ်ရှားမှုကို လူ့ဘောင်သစ်လူငယ်(YNS)၊ ဗကသများအဖွဲ့ချုပ်(ABFSU)၊ တာမွေမြို့နယ် သပိတ်ကော်မတီ(TSC)၊ မင်္ဂလာတောင်ညွန့်သပိတ်ကော်မတီ(MGTN GSC)၊ ရေဘဝဲ (ပြည်သူ့အကျိုးပြု လူငယ်အဖွဲ့အစည်း)၊ Owl community Kyimyindaing Networks(KMD18)၊ Mayangone Democratic Front(MDF) နဲ့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရရတကသ) တို့ ပူးပေါင်းပြီး ပြုလုပ်ခဲ့ပါတယ်။

အဆိုပါလှုပ်ရှားမှုမှာ မတရားစစ်မှုထမ်းဥပဒေအပါအဝင် ပြည်သူလူထုတရပ်လုံးအပေါ် ဖိနှိပ်အုပ်ချုပ်နေတဲ့ စစ်အာဏာရှင်စနစ်(စစ်သုံးစစ်) ကို လူထုရဲ့စုပေါင်းအားနဲ့ တခဲနက် ဆန့်ကျင် တိုက်ဖျက်ကြဖို့ တော်လှန်ရေးအင်အားစုတွေက တိုက်တွန်းလှုံ့ဆော်ခဲ့ကြပါတယ်။

